# ဘုရားသခင်၏ နီးတော်မူခြင်း

## ဘုရားသခင်နှင့် အတူရှိခြင်း၏ တန်ဖိုး



Gavin Devlin

# ဘုရားသခင်၏ နီးတော်မူခြင်း

## ဘုရားသခင်နှင့် အတူရှိခြင်း၏ တန်ဖိုး


ဂေဗင် ဒွေဗလင်

**Gavin Devlin**



fatheroflove.info

**https://maranathamedia-myanmar.com/**

# Contents


*လူသားနှင့် ခမည်းတော်ဘုရားအကြားက စစ်မှန်သော ပြန်လည်သင့်မြတ်ခြင်း*...4

ကြည့်မှန်...10

အာဒံနှင့် ဧဝ...13

ကျဆုံးခြင်း၏ အကျိုးဆက်...15

သားသမီးတွေနဲ့ ခွဲခွာနေရခြင်းကို ဘုရားသခင် မုန်းပါတယ်။...19

“ငါ့တွက် နေစရာ ခန္ဓာတစ်ခုကို ပြင်ဆင်လော့”...26

ဘုရားသခင်နဲ့ ကျွန်တော်တို့ကို ဝေးကွာစေတဲ့ မသန့်ရှင်းသောအရာများ...42

# လူသားနှင့် ခမည်းတော်ဘုရားအကြားက စစ်မှန်သော ပြန်လည်သင့်မြတ်ခြင်း

ကျွန်တော်တို့မစတင်ခင် ဒူးထောက်ဆုတောင်းကြရအောင်။ ကရုဏာတော်နှင့် ပြည့်စုံတော်မူသော အဖဘုရား၊ ကရုဏာမေတ္တာတော်နှင့်ပြည့်ဝသော ကိုယ်တော့်ပလ္လင်တော် ရှေ့မှာ လိုအပ်တဲ့ချိန်တိုင်း အကူညီတောင်းခံခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ယခုကျွန်ုပ်တို့ အကူညီအပ်လိုနေပါတယ်။ ကျွန်တော်တို့ လောကကြီးကို ကြည့်တဲ့အခါ မသေချာမရေရာမှုတွေနှင့် ပြည့်နေသော်လည်း ကောင်းကင်ကို ကြည့် တဲ့အခါ လုံခြုံစိတ်ချရပါတယ်။ ကိုယ်တော်က အရာရာကို ထိန်းချုပ်ထားကြောင်း ကျွန်တော်တို့ သိကြပါတယ်။ ကျွန်တော်တို့သာ ကိုယ်တော့်နောက်တော်ကို လိုက်ပြီး ကျွန်ုပ်တို့ရဲ့စိတ်နှလုံးကို ပေးအပ်ထားသ၍ ကိုယ်တော့်အကြံစည်တော်များ အောင် မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရပါတယ်။ ကျွန်ုပ်တို့ရဲ့ ယုံကြည် ခြင်းကို အစပြုစေသူ၊ ပြည့်စုံစေသောသူဖြစ်သော ယေရှုကို ကျွန်ုပ်တို့အတွက် ပေး တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်တို့အထဲ၌ ကိုယ်တော့်အလိုတော်များ ဆောင်ရွက်စေနိုင်ရန် ယေရှုဘုရား အံ့ဖွယ်အလုပ် လုပ်ပေးတော်မူသောကြောင့်လည်း ကျေးဇူးတင်ရှိပါ၏။ ကျွန်ုပ်အားဖြင့် ကိုယ်တော် စကားပြောတော်မူမည့်ကြောင်း ဆုတောင်းပါ၏။ ဤအရာကို ပြင်ဆင်ပေးသည့်အတွက်လည်း ကိုယ်တော့်ကို ကျေးဇူး တင်ပါတယ်။ အဖဘုရား၊ ကိုယ်တော့်လူများ၊ သားသမီးများကို ယခုပင် ကောင်းချီး ပေးပါမည့် အကြောင်း ကျွန်ုပ်မျှော်လင့်ပါ၏။ ယေရှုဘုရား၏ နာမတော်မြတ်၌ ဆုတောင်းပါ၏ အဖ၊ အာမင်။

လူသားနှင့် ခရစ်တော်ဘုရားအကြားက စစ်မှန်သော ပြန်လည်သင့်မြတ်ခြင်းအကြောင်းကို ကျွန်တော် စုံစမ်းစစ်ဆေး ကြည့်ချင်ပါတယ်။ ပြန်လည်သင့်မြတ်ခြင်း ဆိုတာ ဘာကို ဆိုလိုတာဖြစ်မလဲ။

ပရိတ်သတ်များ။ ။ပြန်လည်သင့်မြတ်ခြင်း။

ပြန်လည်သင့်မြတ်ခြင်း.....ပြန်လည်ပေါင်းသင်းခြင်းမပြုဘဲနဲ့ ပြန်လည်သင့်မြတ် တယ်လို့ ပြောလို့ရပါသလား...။

ပရိတ်သတ်များ။ ။မရပါဘူး။

အဲ့လိုဆိုအဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး မလား။ ပြန်လည်ဆက်ဆံပေါင်းသင်းခြင်း မပြုတော့ရင် **ပြန်လည်** သင့်မြတ်တယ်လို့ ခေါ်လို့မရဘူးလေ။ ဒါကြောင့် ကျွန်တော့် ခေါင်းစဥ်က " ကိုယ်တော်နှင့် အတူရှိခြင်း မျက်မှောက်တော်၏ တန်ဖိုး" ဖြစ်ပါတယ်။ ဒါကတော့ ခေါင်းစဥ်ကြီးဖြစ်ပြီးတော့ "ဘုရားသခင်၏ နီးတော်မူခြင်း" ကတော့ ခေါင်းစဥ်ငယ်လေး ဖြစ်ပါတယ်။

ဖန်ဆင်းခြင်းအကြောင်းပြောကြရအောင်။ လူသားတွေကို ဘာကြောင့်များ ဖန်ဆင်းရတာပါလဲ။ လူသားကို ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်တော်နှင့် အညီဖန်ဆင်းရခြင်း ရည်ရွယ်ချက် တစ်ခုရှိပါတယ်။ "ဘုရားသခင်ကို ကြောက်ရွံ့ရိုးမွမ်းကြလော့။ တရားစီရင်တော်မူ သော အချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့" ဗျာဒိတ် ၁၄း၇။ ယနေ့ကျွန်တော်တို့လိုပဲ အာဒံ နှင့် ဧဝမှာ တန်ဖိုးရှိတဲ့ အထူးအခွင့်ရေးရှိခဲ့ပါတယ်။ သူတို့ကို အမွန်မြတ်ဆုံး အလုပ် ဖြစ်တဲ့ ဘုရားသခင်ရဲ့ စာရိတ္တတော်ကို နားလည်ပြီး၊ ကိုယ်တိုင်ကျင့်သုံးတဲ့ ကိုးစားလှယ်အလုပ်ကို လုပ်ခြင်းအားဖြင့် ဘုရားသခင့် ဂုဏ်တော် ထင်ရှားစေဖို့ ဖန်ဆင်းခဲ့ ခြင်းဖြစ်ပါတယ်။ ဒီလိုပါပဲ နောက်ဆုံးသော ကာလမှာ

အသက်ရှင်တဲ့ ကျွန်ုပ်တို့ အနေနဲ့ကလည်း ထာဝရ ဧဝံဂေလိသတင်းစကားကို ကြားပြောဖို့လိုပါတယ်။ ထိုသတင်း စကားဟာဆိုရင် ဘုရားသခင်ဟာ ဘယ်လိုဘုရားဖြစ်တဲ့အကြောင်း လူသားတွေကို ပြသပေးမယ့် ဘုရားသခင်ရဲ့ အကြံစည်တော်လည်း ဖြစ်ပါတယ်။ ဖန်ဆင်းခံ သက်ရှိအားလုံးဟာ ဘုရားသခင်ကို ကြောက်ရွံဖို့၊ သူ့ရဲ့ အံ့ဖွယ်ကောင်းမှုကို နားလည်သိမြင်နိုင်ဖို့၊ သူ့စကား ကို နားထောင်ဖို့၊ သူတို့အသက်တာအားဖြင့် ဘုရားသခင်ကို ဘုန်းတော်ထင်ရှားစေပြီး၊ ကိုးကွယ်ဖို့ ဖန်ဆင်းခံရခြင်း ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ တရားစီရင်ရာနေ့ ရောက်လာရခြင်းဟာ လူစီဖာရဲ့ ကောင်းကင်က ပုန်ကန်မှုကြောင့် ဖြစ်ပါတယ်။ အများကြားမှာ မမှန်မကန် ဘုရားသခင်ကို စွပ်စွဲခြင်း အားဖြင့် ပြဿနာများဖြစ်စေတဲ့အတွက်လည်း ဖြစ်ပါတယ်။ သူက မုသားစကားတွေ ကို ပြန့်နှံ့စေပြီး ဘုရားသခင်အကြောင်းကို လိမ်လည်ပြောဆိုခဲ့ပါတယ်။ သူရဲ့ လိမ်လည်မှုအောက်မှာ ကောင်းကင်တမန် သုံးပုံတစ်ပုံ ကျရောက်ပြီး သူတို့ရဲ့ ဘုန်းကြီးပြီး မြင့်မြတ်တဲ့ ရာထူးတွေကို စွန့်လွှတ်ခဲ့ရပါတယ်။ ဗျာဒိတ်ကျမ်း ၁၂:၄။ စာတန်မာရ်နတ်ရဲ့ စွပ်စွဲချက်ကြောင့် သစ္စာရှိတဲ့ ကောင်းကင်တမန်များတောင် စိတ်ရှုပ်ထွေးကုန်တဲ့ထိ ဖြစ်ခဲ့တယ်။ ဒါကြောင့် သူ့အပေါ် ဖန်ဆင်းခံသက်ရှိတွေ ထားရှိတဲ့ သံသယစိတ်တွေ ကို ဘုရားသခင် ဖြေရှင်းပေးဖို့ လိုအပ်လာပါတယ်။ သူ့နိုင်ငံတော် အုပ်ချုပ်ရေးရဲ့ အလုပ်လုပ်ပုံ၊ သူ့ စာရိတ္တတော်ဖြစ်တဲ့ ကရုဏာမေတ္တာတော်နှင့် တရားမျှတမှုရဲ့သဘောသဘာဝကို ရှင်းပြဖို့ လိုအပ်လာပါတယ်။

ဒီအရာကို ဖြေရှင်းဖို့ ဘုရားသခင်က လူစီဖာနှင့် ကျဆုံးသော ကောင်းကင်တမန်များကို သစ္စာရှိတဲ့ ကောင်းကင်တမန်များရှေ့တွင် ခေါ်ယူပြီး အပြစ်တင် ပြစ်ဒဏ်ချမှတ်ခြင်း မပြုခဲ့ပါဘူး။ သူတို့အဖွဲ့ မှားယွင်းတယ်ဆိုတာ သက်သေပြဖို့ သူမကြိုးစားခဲ့ပါဘူး။ သူက အရောင်းသမားတွေလို "မင်းတို့ ကြားရတဲ့ သတင်းကြောင့် သိပ်မစိုးရိမ်ကြပါနှင့်။ ငါ့ကို ယုံသာယုံလိုက်ပါ။" လို့လည်း မပြောခဲ့ပါဘူး။

ဘုရားသခင်ရဲ့ဆန္ဒအတိုင်း မျက်စိမှိတ်ယုံကြည်ခြင်းမျိုးကလည်း ဘုရားသခင်အလို ရှိတဲ့ မေတ္တာနဲ့ဆက်ဆံရေးကို ပြန်လည် ရယူပေးနိုင်မှာ မဟုတ်ပါဘူး။ လိမ်လည်မှု မုသားစကားတွေ၊ စောင်းချိတ်စွပ်စွဲပြောဆိုမှုတွေ၊ ဗျာဒိတ်ကျမ်း ၁၂:၇ မှာတွေ့ရတဲ့ စစ်ပွဲ၊ အချေတင်ငြင်းဆိုမှု စစ်ပွဲများရဲ့ ဝမ်းနည်းဖွယ် အဖြစ်ပျက်များအပြီးမှာတော့ ဒီစကြာဝဠာတစ်ခုလုံးဟာ တည်ငြိမ်မှုနှင့် ယုံကြည်စိတ်ချမှုများ ပျက်စီးခဲ့ရပါတော့တယ်။ ဖန်ဆင်းခံသက်ရှိတွေ သတိမထားမိဘူးဆိုရင်တောင်မှ သံသယစိတ်တွေ၊ ကစဉ့်ကလျားဖြစ်နေတဲ့အရာတွေရဲ့အတိုင်းဆကို ဘုရားသခင် သိမြင်တော်မူခဲ့ပါတယ်။

ဒါကြောင့် ဒီလိုအချိန်ခါမျိုးမှာ ဘုရားသခင်က မတ်တပ်ရပ်ပြီး၊ “ငါကို ယုံသာယုံ လိုက်စမ်းပါ” လို့ပြောမယ်ဆိုရင် သူ့စကားတွေဟာ အပေါ်စားဆန်ပြီးအဓိပ္ပါယ်မဲ့ရာ ရောက် သွားမှာဖြစ်ပါတယ်။ စာတန်မာရ်နတ်က ဘုရားသခင်ကို တကိုယ်ကောင်းဆန်တဲ့ဘုရား၊ ယုံကြည်ဖို့ မထိုက်တန်တဲ့ ဘုရားလို့ စွပ်စွဲထားလေတော့၊ ဒီစွပ်စွဲချက်တွေကို အောင်မြင်နိုင်ဖို့အတွက် စကားလုံးတွေနဲ့ မလုံလောက်တော့ပါဘူး။ “ကိုယ်တိုင်ကြုံမှ သိမယ်” ဆိုတဲ့ စကားပုံလိုပါပဲ။ ဘုရားသခင်ကောင်းမြတ်တဲ့အကြောင်းကို ကိုယ်တိုင်မြည်းစမ်းကြည့်ဖို့ လိုပါတယ်။(ဆာလံ၃၄:၈) စကြာဝဠာတစ်ခုလုံးကလည်း မြည်းစမ်းကြည့်ဖို့ လို အပ်လာပါတော့တယ်။

ဒါကြောင့် ဒီကိစ္စဟာဆိုရင် ပြဇာတ်တစ်ပုဒ်လိုဖြစ်လာပါတော့တယ်။ ဒါပေမယ့် လူတွေကနေပြီး ဟန်ဆောင်နေတာ၊ သရုပ်ဆောင်ပြနေတာ၊ ဇာတ်ရုပ်တစ်ခုကို ပြသနေတာတော့ မဟုတ်ပါဘူး။ ဘုရားသခင်နှင့် သားတော်ဘုရားတို့ကလည်း ဇာတ်ကောင်တွေ မဟုတ် သလို ကျွန်တော်တို့လည်းမဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ စာရိတ္တတော်နှင့် သူ့ရဲ့ နိုင်ငံတော် အလုပ်လုပ်ပုံ သဘောသဘာဝကို အကဲခတ်တဲ့ တကယ့်လက်တွေ့ စစ်ပွဲကြီး တစ်ခုပဲဖြစ်ပါတယ်။ လူစီဖာရဲ့ ပုန်ကန်မှုကြောင့်

ဖြစ်လာတဲ့ ပြဿနာတွေနဲ့ပတ်သတ်ပြီး ဘုရားသခင်ဟာ သူ့ရဲ့ကိုင်တွယ်ပုံအပေါ် လေ့လာသုံးသပ်ခြင်းနှင့် ထင်ကြေး ပေးခြင်း ခံရတဲ့ပုဂ္ဂိုလ် ဖြစ်လာပါတယ်။

သက်သေပြဖို့လိုနေတာကတော့ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟာ ဘယ်လိုအလုပ်လုပ် တဲ့ နိုင်ငံတော်ဖြစ်ကြောင်း ပြသဖို့လိုနေတာပဲဖြစ်ပါတယ်။ လူသားကို ဖန်ဆင်းဖို့ အကြံရှိနှင့်ပြီးဖြစ်တဲ့အတိုင်း လူစီဖာကျဆုံးပြီးနောက်မှာလည်း အဖဘုရားသခင်ဟာ သူ့ရဲ့အစီစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ လူသားတို့မျိုးနွယ် မျိုးပွားများပြားလာတဲ့ ကမ္ဘာကြီးပေါ်က အဖြစ်ပျက်တွေကို ကြည့်ပြီး ဘုရားသခင့် နိုင်ငံတော်ဟာ ဘယ်လိုနိုင်ငံတော်မျိုးဖြစ်ကြောင်း ရှင်းလင်းစွာသိမြင်လာဖို့ ဖြစ်ပါတယ်။

ထို့အတွက် ဘုရားသခင်ဟာ လူသားစုံတွဲကို သူ့ပုံသဏ္ဍာန်တော်နှင့် အညီ ဖန်ဆင်းခဲ့ပါတယ်။ ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းပြီးတဲ့နောက် လူယောကျ်ားကို အိမ်ထောင်ဦးစီး၊ လူမိန်းမကို ကူညီသူ အထောက်အမအဖြစ် ဖန်ဆင်းခဲ့ပါတယ်။ ခမည်းတော်ဘုရားက ခရစ်တော်ရဲ့ ဦးခေါင်းဖြစ်ပြီး ခရစ်တော်က ခမည်းတော်ရဲ့ လုပ်လေရာကိုင်လေရာမှာ ကူညီထောက်မသူဖြစ်သလိုမျိုးပါပဲ။ ဧဝဟာ ဒီကမ္ဘာကြီးကို အုပ်ချုပ်ရတဲ့ ခင်ပွန်းဖြစ်သူကို ကူညီဖို့ ဖြစ်ပါတယ်။ ဒီကမ္ဘာကြီးကို အုပ်ထိန်းရင်း၊ ကမ္ဘာကြီးပေါ်က သတ္တဝါတွေကို အုပ်ထိန်းရင်း၊ သူတို့ရဲ့ကလေးတွေကို ကျွေးမွေးစောင့်ရှောက်ရင်း၊ နားထောင်မှု၊ သစ္စာရှိမှုတွေနဲ့ ဘုရားသခင်ဟာဘယ်လိုဘုရားမျိုးဖြစ်ကြောင်းနှင့်သူ့ရဲ့နိုင်ငံတော်ရဲ့သဘောသဘာဝ ကို ထင်ရှားစေဖို့ သူရည်ရွယ်ပါတယ်။

ကမ္ဘာမြေကြီးပေါ်က ရွှံ့တွေနဲ့ အာဒံကို ပုံဖော်ပြီးတဲ့နောက်မှာ အာဒံရဲ့ နှာခေါင်းကနေ ဇီဝအသက်ကို မှုတ်သွင်းပြီး အာဒံက သက်ရှိသတ္တဝါဖြစ်လာပါတယ်။ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ကို လက်ခံရရှိပြီးတဲ့နောက်မှာ သူဟာ အသက်စွမ်းအင်ကို ရရှိခဲ့ပါတယ်။ အသက်စရှူလာပြီး မျက်လုံးကို ဖွင့်ပြီး မော့ကြည့်လိုက်တဲ့အခါ သူ့ရဲ့ဖန်ဆင်းရှင်ကို

သူတွေ့မြင်ခဲ့ပါတယ်။ အာဒံအတွက် အလွန်ထူးဆန်းတဲ့ အချိန်ခါလေး ဖြစ်မှာ ဖြစ်ပါတယ်။

ဒါပေမယ့် အာဒံအတွက် အသက်ရှင်ရုံ၊ အသက်ရှူရုံနဲ့ မလုံလောက်ပါဘူး။ ဘုရားသခင်က အာဒံနှင့်အတူ ပိုမို နက်ရှိုင်းတဲ့ ဆက်ဆံရေးမျိုးလိုချင်တဲ့အတွက် ဘုရားသခင်ရဲ့ အသက်စွမ်းအင်နှင့်အတူ ဘုရားသခင်ရဲ့ အတူရှိခြင်း မျက်မှောက်တော်ကို ပေးတော်မူခဲ့ပါတယ်။ အာဒံနှင့် ဧဝကို ဘုရားသခင်ရဲ့ မျက်မှောက်တော်အားဖြင့် လွှမ်းခြုံထားပါတယ်။ အဲဒီအတူရှိခြင်းဟာ အပြင်ပိုင်းမှာ အရောင်ထွန်းတောက်ပြီးတော့ ဘုရားသခင်ဟာ သူတို့နှင့် အတူရှိကြောင်း ပြသတဲ့ အလင်းဝတ်ရုံဖြစ်လာပါတယ်။

ကျမ်းစာထဲမှာသူတို့ဟာ အဝတ်မရှိပေမယ့် သူတို့ဆီမှာ ရှက်ကြောက် ခြင်းမရှိဘူးလို့ ပြောထားပါတယ်။ သူတို့ကို ဘုရားသခင် ဖန်ဆင်းထားတဲ့အတိုင်း လှပ တဲ့ အလင်းဝတ်ရုံတွေနဲ့ ပြည့်ပြည့်ဝဝ ကာထားတာဖြစ်လို့ သူတို့မှာ ရှက်စရာအကြောင်း မရှိခဲ့ပါဘူး။ ၎င်းအလင်းဟာဆိုရင် မောရှေတောင်ပေါ်မှာ ရက်ပေါင်းလေးဆယ် ဘုရားသခင် နှင့်အတူရှိခဲ့စဉ်က သူ့၏မျက်နှာတွင်ရှိခဲ့သော အလင်းကဲ့သို့ပင် ဖြစ်ပါသည်။ မျက်နှာအရောင် ထွန်းတောက်လျက် တောင်ပေါ်မှ ဆင်းလာတဲ့အခါ ဘုရားသခင်ရဲ့ ဘုန်းရောင်ခြည်အား ကာပေးမည့်အရာ တစ်စုံတစ်ခုဖြစ် သူ့၏မျက်နှာအား ဖုံးအုပ်ထားရန် မောရှေအား တောင်းဆို ခဲ့ကြပါသည်။ အရောင်တောက်ပလွန်း၍ လူများ မကြည့်နိုင်ခဲ့ကြပါ။ ဤအလင်းတန်းမှာ သခင်ယေရှု တပည့်တော်များနှင့် အသွင်ပြောင်းလဲခြင်းတောင်ပေါ်သို့ သွားစဉ်အခါက အလင်းနှင့် အတူတူပင် ဖြစ်ပါသည်။ မောရှေနှင့် ဧလိယ ဆင်းသက်လာပြီး ခမည်းတော်ဘုရားသည် ထိုအချိန်တွင် စကားပြောတော်မူခဲ့ပါသည်။ “ဤသူ သည် ငါ၏ချစ်သားပေတည်း။ သူ၏ စကားကို နားထောင်ကြလော့။” ထိုဘုန်းရောင် ခြည်မှာ သူ၏အပေါ်ထွန်းတောက်ခဲ့ပါသည်။ ၎င်းအလင်းမှာ အာဒံနှင့် ဧဝ ဝတ်ဆင်ခဲ့ သောအလင်းပင်ဖြစ်ပါသည်။

# ကြည့်မှန်

အာဒံနှင့်သူ့၏ဇနီးမှာ ဖန်ဆင်းရှင်နှင့် သားတော်ဘုရား၏ ဘုန်းတော်အား ရောင်ပြန် ဟပ်စေရန် ဖြစ်သကဲ့သို့ သဘာဝလောကကြီးမှာလည်း အာဒံနှင့် ဧဝကြား၊ သူတို့နှင့် ဘုရား သခင်ကြားရှိ လှပသော ဆက်ဆံရေးအား ရောင်ပြန်ဟပ်စေရန် ဖြစ်သည်။ လူသားသည် ဖန်ဆင်းရှင်၏ အလိုတော်အား နာခံရင်း မိမိကိုယ်မိမိ အပ်နှံရန်ဖြစ်သကဲ့သို့ ဘုရားသခင်ရဲ့ စာရိတ္တတော်နှင့် သူ့ရဲ့ နည်းလမ်းများအားပိုမိုသိမြင်၊ ဝေမျှစေရန်လည်း ဖြစ်သည်။ ထိုနည်းတူစွာပင် သဘာဝတရားကြီးကလည်း လူသားဆီသို့ မိမိကိုယ်မိမိအပ်နှံရင်း၊ ဥယျာဉ်တော်က လည်း သူ၏အလှတို့အား များပြားစေပြီး အသီးတို့တိုးပွားစေရန် ဖြစ်ပါသည်။ ဤနည်းအားဖြင့် ဘုရားသခင်၏ စာရိတ္တတော်နှင့် သူ့ နိုင်ငံတော်၏ နည်းဥပဒေသများအား လှပစွာမြင်တွေ့နိုင်မည်ဖြစ်ပြီး၊ ပြည့်စုံစွာဖော်ပြနိုင်မည်လည်းဖြစ်သည်။

ကံမကောင်းစွာနှင့် ကျွန်တော်တို့ သိပြီးတဲ့အတိုင်းပဲ အရာရာတိုင်းက စီစဉ်ထားသလို ဖြစ်မလာတတ်ပါဘူး။ ကျွန်တော်တို့လိုပဲ ဘုရားသခင်ရဲ့ အစီစဉ်ဟာလည်း သူစီစဉ် ထားသလို ဖြစ်မလာခဲ့ပါဘူး။ ဘုရားသခင်ရဲ့ အစီစဉ်အားလုံးလည်း စီစဉ်ထားသလို ဖြစ်မလာခဲ့ပါဘူး။

လူသားတွေနဲ့ ကောင်းကင်တမန်များဟာဆိုရင် တန်ဖိုးအကြီးဆုံး ဆုလာဒ်ဖြစ်တဲ့ လွတ်လပ် စွာရွေးချယ်ခွင့် ရရှိပါတယ်။ ဒါကြောင့် တစ်ယောက်ယောက်က “ငါဒီလိုမလုပ်ချင်ဘူး။ ငါ မင်းရဲ့လမ်းစဉ်အတိုင်းမလုပ်ချင်ဘူး။ ငါ့သဘောနဲ့ ငါလုပ်မယ်” ဆိုပြီး ဆုံးဖြတ်ပိုင်ခွင့်အပြည့်အဝ ရှိပါတယ်။

ဒါကြောင့် ဘုရားသခင်ရဲ့ စာရိတ္တတော်နှင့် နိုင်ငံတော်မှာ ဆိုးတဲ့အချိန်ဖြစ်စေ၊ ကောင်းတဲ့အချိန်ဖြစ်စေ ကျင့်သုံးတဲ့ နည်းဥပဒေသ တစ်ချို့ရှိပါတယ်။

နည်းဥပဒေသ ၁။ ။ ဘုရားသခင်ဟာ စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့ ဖန်ဆင်းခံသက်ရှိအားလုံးကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ပေးထားပါတယ်။ အယောက်စီတိုင်းကို ပေးပါတယ်။

နည်းဥပဒေသ ၂။ ။ ဒီဆုလာဒ်ရဲ့ အကျိုးဆက်က ဆိုးသည်ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ ဘုရားသခင်က သူ့ရဲ့ ဥပဒေသကို ဘယ်တော့မှ ပြန်လည် ဖျက်သိမ်းမည် မဟုတ်ပါ။

နည်းဥပဒေသ ၃။ ။ ကျွန်တော်တို့ရဲ့ မှားယွင်းတဲ့ ရွေးချယ်မှုရဲ့ အကျိုးဆက်တွေကို မနှစ်သက်သော်လည်း ဘုရားသခင်က ခွင့်ပြုတော်မူပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း မှားယွင်းတဲ့ ရွေးချယ်မှုရဲ့ အကျိုးဆက်တွေကို ခံရရပါမယ်။ ဒါပေမယ့် ကျွန်တော်တို့ ခံရဲလေ့မရှိကြပါဘူး။

နည်းဥပဒေသ ၄။ ။ မှားယွင်းတဲ့ ရွေးချယ်မှုကနေ ကျွန်ုပ်တို့ကို ကယ်တင်နိုင်ဖို့ သတိပေးခြင်းအားဖြင့် ကယ်တင်ခြင်းအတွက် ဘုရားသခင်က အတတ်နိုင်ဆုံး ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် အတင်းအကျပ်ခိုင်းစေခြင်းအားဖြင့် ဘုရားသခင်ဟာ ဘယ်တော့ မှ ကျွန်တော်တို့ကို ကယ်တင်ဖို့ ကြိုးစားမှာ မဟုတ်ပါဘူး။ ဘုရားသခင် ဘယ်သော အခါမှ အတင်းအကျပ်ခိုင်းစေခြင်းကို အသုံးပြုမှာ မဟုတ်ပါဘူး။

နည်းဥပဒေသ ၅။ ။ ဘုရားသခင်ရဲ့ ကူညီပေးမှု၊ ကယ်တင်ပေးမှုကို ကျွန်ုပ်တို့ ငြင်းမယ်ဆိုရင် မှားယွင်းသော ရွေးချယ်မှုမှ ရလာတဲ့ အကျိုးဆက်တွေဟာ ဘယ်လောက်ပဲ ပြင်းထန်ပါစေ ကျွန်တော်တို့ ပြန်ခံစားရမှာ ဖြစ်ပါတယ်။ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို ဘုရားသခင် အလွန်တန်ဖိုးထားတဲ့အတွက်၊ ကျွန်တော်တို့ မဖိတ်ခေါ်ဘဲနှင့် သူက ကယ်တင်ဖို့၊ ဆိုးရွားတဲ့ အကျိုးဆက်တွေကို ရပ်တန့်ပေးဖို့ ကြားဝင် စွက်ဖက်မှာ မဟုတ်ပါဘူး။ သတင်းကောင်းတစ်ခု ရှိတာကတော့ အခြားသူများကိုယ်စား ကျွန်တော်တို့ ဆုတောင်းပေးလို့ ရပါတယ်။ လူတစ်ယောက်ရဲ့ မှားယွင်းတဲ့ ရွေးချယ်မှု ကို

ဘုရားသခင် ကြားဝင် ကယ်တင်ပေးဖို့ အခြားတစ်ယောက်က ဘုရားသခင်ကို ဖိတ်ခေါ်ခွင့်ရှိတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အရေးကြီးတဲ့ တာဝန်ရှိပါတယ်။

နည်းဥပဒေသ ၆။ ။ သူ့ရဲ့ အုပ်ထိန်းမှုအောက်မှာ ဖြစ်လာတဲ့ အရာမှန်သမျှ အားလုံး ကို ဘုရားသခင် အပြည့်အဝ တာဝန်ယူပါတယ်။ ဘာလို့လဲဆိုတော့ အရာအားလုံးက သူခွင့်ပြုချက်ရှိမှ ဖြစ်ပျက်တာ ဖြစ်လို့ပါပဲ။ သူ့မှာ “မဟုတ်ဘူး။ ငါဒီအရာကို မဖြစ်ပျက်စေချင်ဘူး။ ဒီလွတ်လပ်စွာ ရွေးချယ်ခွင့် ဆိုတာကြီးကို ငါခွင့်မပြုနိုင်ဘူး။ ငါခွင့်ပြုလိုက်ရင် မင်းတို့ ဆိုးရွားတဲ့ ဆုံးဖြတ်ချက်ကို ချမိမှာပဲ” လို့ ပြောပိုင်ခွင့်၊ လုပ်ပိုင်ခွင့် ရှိပါတယ်။ဒါပေမယ့် ဘုရားသခင်က ဒီလို မလုပ်ခဲ့ပါဘူး။ အကျိုးဆက်က သေခြင်းပင် ဖြစ်ပါ စေ၊ အကျိုးရလာဒ် အားလုံးအတွက် ဘုရားသခင် အပြည့်ဝ တာဝန်ယူပါတယ်။ ဒီဦးတည်ချက်ကို သွားဖို့ ဘုရားသခင်က လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို အထက်က နည်းဥပဒေသ ၅ခုကြောင့် ပေးရခြင်း ဖြစ်ပါတယ်။

နည်းဥပဒေသ ၇။ ။ ကျွန်ုပ်တို့ရဲ့ ဖန်ဆင်းရှင်အနေဖြင့် သူ့ကို ကျွန်တော်တို့ ကျောခိုင်းတဲ့အခါ သူ သောကရောက်ရတယ်။ ကျွန်ုပ်တို့ ကြုံရတဲ့ ဝေဒနာအားလုံးအတွက် သူလည်း ဖိစီးခံစားရပါတယ်။ (ဟေရှာယ ၆၃:၉) သူ့ဆီ ကျွန်တော်တို့ ပြန်လာတဲ့အခါ သူသီချင်းဆိုပြီး ဝမ်းသာပီတိ ဖြစ်ရပါတယ်။ သူ ကျွန်တော်တို့ကို ရင်းရင်းနှီးနှီး သိကျွမ်းနားလည်တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ မကောင်းတဲ့ ရွေးချယ်မှု ပြုတော့မယ်အခါ သူက ကြိုတင် သတိပေးရခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ မှားယွင်းတဲ့ ရွေးချယ်မှုကို ပြုမိတဲ့အခါ၊ မှားယွင်းတဲ့ ဦးတည်ချက်ကို သွားမိတဲ့အခါ သူက တတ်နိုင်သလောက် ကျွန်တော်တို့ကို ကယ်တင်ဖို့ မိမိကိုယ်မိမိ အပ်နှံ ထားသူလည်း ဖြစ်တယ်။ နေရာမှန်အချိန်မှန် ထားရှိတဲ့ အကြီးမြတ်ဆုံး ကယ်တင်ခြင်း သူ့မှာရှိပါတယ်။ သူ့ရဲ့ မေတ္တာတော်ကို ဖော်ပြခြင်းအားဖြင့် သူနဲ့ကျွန်တော်တို့ရဲ့ မူလဆက်ဆံရေးကို ပြန်လည်ရယူနိုင်ဖို့ ဘုရားသခင် အလိုတော်ရှိတယ်။ သူ့ရဲ့ ချစ်ခြင်းမေတ္တာဟာ နည်းဥပဒေသတွေ၊ အကျင့်စာရိတ္တတော်နှင့် နိုင်ငံတော်အပြင် အားလုံးကို

အခြေခံတည်ထားတဲ့ အရင်းမြစ်ကြီး လည်းဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာတော်ကို ကျွန်တော်တို့ နားလည်ဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် သူရဲ့အကြင်နာတရား နှင့် အုပ်ထိန်းမှု ပုံစံကို ဖော်ပြလာတာ နှစ်ပေါင်း ခြောက်ထောင် ရှိလာပါပြီ။ အားလုံး ကို ပြန်လည် နားလည်လာပြီးတော့၊ ဆုံးရှုံးခဲ့ရတဲ့အရာများ ပြန်လည်ရရှိလို့ ဝမ်းသာ အားရ ကြွေးကြော်ကြရမည့် အချိန်ကို စောင့်မျှော်နေတာလည်း ဖြစ်ပါတယ်။ ဒီလိုမှ ယေရှုဘုရား ပြန်လည် ကြွလာနိုင်မှာလည်း ဖြစ်ပါတယ်။

# အာဒံနှင့် ဧဝ

ဥယျာဉ်တော်ထဲက အာဒံနှင့် ဧဝ ပုံပြင်ကို ပြန်သွားရအောင်။ အဖြစ်ပျက်တွေကို ကျွန်တော်တို့ သိပြီးသား ဖြစ်ပါတယ်။ ရှေးဟောင်းမြွေကြီးက သူတို့ကို သွေးဆောင်တယ်။ လိမ်လည်တယ်။ ဘုရားသခင်ကို ကိုယ်တိုင် ငြင်းပယ်ပြီး သူ့ရဲ့စကားကို ယုံကြည် လက်ခံ လိုတဲ့အထိ သူတို့ကို ကျရှုံးစေခဲ့ပါတယ်။ သူတို့အတွက် ဘုရားသခင် ချပေး ထားတဲ့ လမ်းအတိုင်းမလိုက်ဘဲ သူတို့ရဲ့ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို အသုံးပြုပြီး အခြားနည်းလမ်းနဲ့ အသက်ရှင်ဖို့ သူတို့ ရွေးချယ်ခဲ့ကြတယ်။ ရလာဒ်အနေနဲ့ ဘုရား သခင်ရဲ့ ဘုန်းရောင်ခြည်တော်က သူတို့ကို စွန့်ခွာသွားခဲ့ပါတယ်။ သူတို့နှင့်အတူ ဖန်ဆင်းခြင်းခံရတဲ့ သူတို့ရဲ့အလင်းဝတ်ရုံတွေ မရှိတော့တဲ့အတွက် သူတို့ ကိုယ်တုံးလုံး ဖြစ်နေမှန်း သတိပြုမိလာကြတယ်။

အထက်ကတင်ပြခဲ့တဲ့ နည်းဥပဒေသတွေကို ဒီပုံပြင်နဲ့ ပြန်လည် သတိပြုကြည့်ပါ။

နည်းဥပဒေသ ၁။ ။ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို တားမြစ်ထားတဲ့ အသီး ယူစားခြင်း၌ သူတို့ အသုံးချခဲ့ကြတယ်။

နည်းဥပဒေသ ၂။ ။ သွေးဆောင်ခြင်းခံနေရတဲ့ လမ်းတဝက်မှာ သူတို့ရဲ့ လွတ်လပ် စွာ ရွေးချယ်ခွင့်ကို ဘုရားသခင် မရုတ်သိမ်းခဲ့ပါဘူး။

နည်းဥပဒေသ ၃။ ။ ငြင်းပယ်ခြင်ရဲ့ အကျိုးဆက်ဖြစ်တဲ့ သူတို့ ခံစားရမယ့် နာကျင်မှု၊ သူခံစားရမယ့် နာကျင်မှုတွေကို ဘုရားသခင် မညည်းမညူခံယူခဲ့ပါတယ်။

နည်းဥပဒေသ ၄။ ။ သူတို့ကို ကယ်တင်မယ့် သူ့အစီစဉ်ကို ဘုရားသခင် ဖော်ပြခဲ့ တယ်။ သတင်းကောင်းဖြစ်တဲ့ သူတို့ကို ဘယ်တော့မှ စွန့်ပစ်မထားကြောင်း ကိုလည်းသူတို့ကိုဖော်ပြခဲ့တယ်။ ကျွန်တော်တို့ရဲ့ အချစ်ကို ပြန်ရဖို့ မကြိုးစာဘဲနှင့် ငြင်းပယ်ခြင်းကို ဘယ်တော့ မှ လွယ်လင့်တကူ ဘုရားသခင် လက်ခံမှာ မဟုတ်ပါဘူး။ သူနှင့်အတူ ပြန်လည်သင့် မြတ်နိုင်ဖို့ရာ သူနှင့်ကျွန်ုပ်တို့ကြားက ဆက်ဆံရေးကို ပြန်လည်ရယူနိုင်ရန် သူအတတ် နိုင်ဆုံး ကြိုးစားနေပါတယ်။

နည်းဥပဒေသ ၅။ ။ ရွေးချယ်မှုရဲ့ အကျိုးဆက် သက်သေဖြစ်တဲ့ အလင်းဝတ်ရုံ ပျောက်ကွယ်သွားတဲ့အခါ သူတို့ရဲ့ အိမ်၊ ဥယျာဉ်တော်ထဲက နှင်ထုတ်ခြင်း ခံခဲ့ကြရပါ တယ်။

နည်းဥပဒေသ ၆။ ။ သူတို့ အပြစ်ရဲ့ နောက်ဆက်တွဲ အကျိုးဆက်က ဇနီးမောင် နှံကို ဘယ်လိုဖြစ်စေမယ်ဆိုတာ ဘုရားသခင် သိတဲ့အခါ သူတို့ကို ဒေင်ဥယျာဉ်တော် ရဲ့ အပြင်ဘက်၊ ပိုမိုကျယ်ဝန်းတဲ့ ဘဝဥယျာဉ်ထဲမှာ သင်ခန်းစာ ယူတတ်ဖို့ နေထိုင် ခွင့် ပြုလိုက်ပါတယ်။ ဒီအပြင်လောကကြီးက သူတို့ရဲ့ စာသင်ခန်း၊ ပြဇာတ်ရုံလို ဖြစ် လာခဲ့ပါတယ်။ အခုတော့ အာဒံနှင့် ဧဝရဲ့ မိသားစုအထဲ ဖြစ်ပျက်နေတဲ့အရာတွေကို သဘာဝလောကကြီးက ရောင်ပြန်ဟပ်ဖို့ ဖြစ်လာပါတယ်။ ဘဝရဲ့ စိတ်ဖိစီးမှု၊ သက် တောင့်သက်သာဖြစ်မှုတွေကို ဖြစ်စေနေတဲ့ အရာကတော့ လူ့နှလုံးသား ဖြစ်ပါတယ်။ လူ့စိတ်ကို မြင်လို့မရပေမယ့် သဘာဝလောကကြီးကိုတော့ မြင်တွေ့လို့ရပါတယ်။ သူတို့ ဘဝခရီးတစ်လျှောက်လုံး သူတို့ စိတ်နှလုံးရဲ့ သဘောသဘာဝ၊ အပြစ်ရဲ့ နောက် ဆက်တွဲ

အကျိုးဆက်တွေကို သဘာဝလောကကြီးအားဖြင့် ပြန်လည် သင်ယူဖို့ ဖြစ်ပါတယ်။ ဒီသင်ခန်းစာဟာ ယနေ့လူသားတွေအတွက်လည်း အကျုံးဝင်ပါတယ်။ ဆူးပင်များဟာ အာဒံနှင့် ဧဝရဲ့ ပုန်ကန်မှုကို ဖော်ပြနေပြီးတော့၊ သဘာဝတရားကြီး ပရမ်းပတာ ဖြစ်နေရခြင်းဟာ လူ့စိတ်သဘောထားလည်း ပရမ်းပတာ ဖြစ်နေခြင်းကို ပြသနေခြင်း ဖြစ်ပါတယ်။ မေးခွန်း။ ။ ကျိုးပဲ့နေတဲ့ ကျွန်တော်တို့အဖြစ်ကို သတိမပြုမိခင် သဘာဝတရားကြီးက ကျွန်တော်တို့ကို ပြောစရာဘာများရှိမလဲ။

အရေးကြီးတဲ့ အခြား မှတ်သားစရာတစ်ခုကတော့ လူသားကျရှုံးမှုရဲ့ အကျိုးဆက်ဖြစ် တဲ့ ဘုရားသခင် ခံစားရတဲ့ ဝေဒနာအကြောင်း ဖြစ်ပါတယ်။ သူ့သားသမီးများနှင့် ခွဲခွာရခြင်းကြောင့် ဘုရားသခင်ဟာ အဆုံးမရှိ နာကျင်မှုကို ခံစားနေရပါတယ်။ ဘုရား သခင်ကို ငြင်းပယ်ခြင်းရဲ့ ရလာဒ်သည် ဆိုးယုတ်ကြောင်းသိလျက်နှင့် ကယ်တင်ရန် ကြိုးစားတိုင်း အမြဲငြင်းပယ် ခံနေရလို့ ခရစ်တော်ဟာ သောကတွေနဲ့ ပြည့်နှက်နေ ရပါတယ်။ နာကျင်မှုဝေဒနာများနှင့် ပြည့်နေတဲ့ ဒီကမ္ဘာလောကကြီးမှာ ဖြတ်လျှောက် သွားရတဲ့ သူ့သားသမီးတွေကို ကြည့်နေရတာ ဘုရားသခင်အတွက် လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။ လူသားတွေ ကြုံတွေ့ခံစားရတဲ့ နာကျင်မှု ဝေဒနာအားလုံးဟာ ချစ်ရ သူတွေနဲ့ ဝေးနေရတဲ့ ဘုရားသခင် ခံစားရတဲ့ နာကျင်မှုဝေဒနာတွေကို တွေ့မြင်စေ နိုင်တဲ့ ကြည့်မှန်တစ်ချက် ပဲဖြစ်ပါတယ်။

## ကျဆုံးခြင်း၏ အကျိုးဆက်

အကျိုးဆက် ၁။ ။ တရားစီရင်ခြင်းနှင့် အပြစ်တင်ခြင်း။

ဥယျာဉ်တော်ထဲမှာ ဘုရားသခင် ဖြတ်လျှောက်လာတဲ့ အသံကို အာဒံနှင့် ဧဝကြားတဲ့ အခါ မိမိကိုယ်မိမိ အပြစ်ရှိမှန်းသိတဲ့ စိတ်က သစ်ပင်ကြားထဲ ပြေးပုန်းစေခဲ့ပါတယ်။

သူတို့အပေါ်ဘုရားသခင်ရဲ့ အပြစ်တင်ခြင်းကို မှတ်တမ်းတင်ထားတာမျိုး ကျမ်းစာထဲ မှာ မတွေ့ရပါဘူး။ ဘုရားသခင်က မေးခွန်းအချို့ကိုပဲ မေးမြန်းခဲ့ပါတယ်။ သူတို့ရဲ့ ရွေးချယ်မှုကို ဆင်ခြင်နိုင်ဖို့နဲ့ အခု ဘုရားသခင့် အပေါ်ဘယ်လို ခံစားချက်ရှိကြောင်း၊ သူတို့ကိုသူတို့ ဘယ်လို ခံစားနေရတဲ့အကြောင်း၊ မေးခွန်းအချို့ကိုပဲ မေးခဲ့ပါတယ်။

ရှင်ပေါလုက ရောမ ၅:၁၅-၁၇မှာ ဒီလိုပြောခဲ့ပါတယ်။ ကျွန်တော့ မှတ်စုစာအုပ်ထဲမှာတော့ အာဒံ လုပ်ခဲ့တဲ့အရာတွေကို အနီနှင့် မှတ်သားပြီးတော့၊ ခရစ်တော်အားဖြင့် ဘုရားသခင် ပြုခဲ့တဲ့အရာတွေကို အပြာနဲ့ မှတ်သားခဲ့ပါတယ်။ အာဒံ အနီ၊ ခရစ်တော် အပြာ။ ဒီလိုလုပ်ခြင်းအားဖြင့် ဘယ်သူက ပြစ်တင်တဲ့သူလဲ ဘယ်သူက တရားစီရင်တဲ့သူလဲ ဆိုတာ ခွဲခြားသိနိုင်ပါတယ်။ ဘုရားသခင်က အပြစ်တင်တဲ့သူလား။ တရားစီရင်တဲ့သူလား။ အာဒံက တရားစီရင်တဲ့သူလား။ ဒါမှမဟုတ် သူက အပြစ်တင်တဲ့သူလား။ အပြန်အလှန် ညီမျှနေတယ်ဆိုတာ တွေ့ရပါတယ်။

**ရောမ ၅:၁၅**

"သို့သော်လည်း၊ ပြစ်မှားခြင်းသဘော(အာဒံ)နှင့် ကျေးဇူးတော်သဘော(ခရစ်တော်) မတူ။ အကြောင်းမူကား၊ လူတစ်ယောက်သည် ပြစ်မှားသော အားဖြင့်၊ လူများတို့သည် သေခြင်းသို့ ရောက်ကြ၏။ တစ်ယောက်သောသူ တည်းဟူသော ယေရှုခရစ်အား ဖြင့် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်၏ အကျိုးသည် လူများတို့၌ သာ၍ ကြွယ်ဝပြည့်စုံ၏။"

“ထိုမှတစ်ပါး လူတစ်ယောက် ပြစ်မှားသောအရာ(အာဒံ) နှင့် ကျေးဇူးတော်အရာ (ခရစ်တော်) မတူ။ အကြောင်းမူကား၊ တရားစီရင်သောအရာမှာ၊ အပြစ်တစ်ခုကြောင့် ဒဏ်ခံစေဟု စီရင်၏။ ကျေးဇူးတော်အရာမှာ၊ အပြစ်များလျက်ပင် လွတ်စေဟုစီရင် ၏။”

အခန်းငယ် ၁၇

“ထိုမှတစ်ပါး၊ လူတစ်ယောက်သည် ပြစ်မှားသောကြောင့်၊ ထိုတစ်ယောက်သော သူ(အာဒံ)အားဖြင့် သေခြင်းတရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုလည်း ခံရသောသူတို့သည် တစ်ယောက်သောသူ တည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍စိုးစံရကြလတ္တံ့။”

အပြန်အလှန် လှပစွာညီမျှနေသည်ကို ကြည့်ပါ။ ဘုရားသခင်က တရားစီရင်တဲ့သူအ ဖြစ် ကျမ်းစာမှရေးထားတာ တစ်ခြားဆိုလိုရင်း တစ်ခုခု ရှိပါလိမ့်မယ်။ ဒီမှာ ပေါလုရေး ထားတာတော့ အာဒံ…ခရစ်တော်…အာဒံ…ခရစ်တော်။ တရားစီရင်ခြင်းနှင့် အပြစ်တင်ခြင်း၊ အပြစ်ဒဏ်ပေးခြင်းဟာ အာဒံဆီကနေ လာတာဖြစ်ကြောင်း တွေ့ရပါ တယ်။ ဘုရားသခင်ဆီက လာတာမဟုတ်ပါဘူး။ ဘုရားသခင်ခေါ်တဲ့အခါမှာ အလျင်အမြန်ပြေးပြီး ပုန်းစေတာက သူတို့ကိုသူတို့ အပြစ်ရှိကြောင်းသိလို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အဲ့အတိုင်းပဲမလား။ တစ်ခုခုအမှား လုပ်တဲ့အခါ ဝိညာဉ်ရေးရာ ဖြစ်ဖြစ်၊ အခြားအခြေအနေတစ်ခုဖြစ်ဖြစ်၊ တစ်ယောက်ယောက်ဆီက ကျွန်တော်တို့ ထွက်ပြေးတာ ဘယ်နှစ်ကြိမ်လောက်ရှိမလဲ။ အာဒံနှင့် ဧဝကို ထွက်ပြေးပုန်းရှောင်စေ တာက သူတို့ကိုသူတို့ အပြစ်တင်တဲ့စိတ်ပဲ ဖြစ်ပါတယ်။ ဒါဟာ အပြစ်တရား ဖြစ်စေ ခဲ့တဲ့ ဘုရားသခင်နှင့် သူတို့ကြားက ပထမဆုံး ခွဲခွာခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အချင်းချင်းအကြား၊ ကျွန်တော်တို့နှင့် ဘုရားသခင်ကြားက

ခွဲခွာခြင်းကို ဖြစ်စေတဲ့အ ကြောင်းတရား၊ ထွက်ပြေးပုန်းနေစေတဲ့အကြောင်းတရားဟာ ကျွန်တော်တို့ရဲ့မိမိ ကိုယ်မိမိ အပြစ်တင်တဲ့ စိတ်ဘဲဖြစ်ပါတယ်။

အကျိုးဆက် ၂။ ။<u>ခွဲခွာခြင်း</u>

ဟေရှာယ ၅၉:၁

"ကြည့်ရှုလော့။ ထာဝရဘုရားသည် မကယ်တင်နိုင်အောင် လက်တော်တိုသည် မဟုတ်။ မကြားနိုင်အောင် နားတော်ထိုင်းသည် မဟုတ်။"

ဘုရားသခင်ရဲ့ လက်တော်ဟာ ကျွန်တော်တို့ကို မကယ်တင်နိုင်အောင် ပတ်တီးစည်းနေရတာ မဟုတ်ပါဘူး။ ကြားနိုင်ဖို့လည်း နားမကြားတဲ့သူတွေတပ်တဲ့ စက် လည်း သူမလိုအပ်ပါဘူး။

အခန်းငယ် ၂

သင်တို့ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့်ကွာစေပြီ။ **ကြားတော်မမူစေခြင်းငှာ၊ သင်တို့အပြစ်**သည် မျက်နှာကိုလွှဲစေပြီ။

တွေးကြည့်ပါ။ ဘုရားသခင်က ကျွန်တော်တို့ ဆုတောင်းသံကို မကြားဘူး။ သေချာစဉ်းစားကြည့်ပါ။ သူဘာလို့ မကြားရတာလဲ။ ဉယျာဉ်ထဲက အာဒံနှင့် ဧဝကို မြင်နိုင်တဲ့ ဘုရားက ဘာလို့မကြားနိုင်ရတာလဲ။

ဘာလို့လဲဆိုတော့ သူတို့က ထွက်ပြေးပုန်းရှောင်နေကြလို့ ဖြစ်ပါတယ်။ သူတို့က ဘုရားသခင်ကို စကားမပြောကြတော့ဘူး။ ကိုယ့်ကို စကားလာမပြောတော့တဲ့သူရဲ့ စကားကို ကျွန်တော်တို့ ဘယ်လို ကြားလို့ရတော့မလဲ...မဟုတ်ဘူးလား။ မကြားရအောင် ဘုရားသခင်ရဲ့ နားတော်ထိုင်းနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သူ့ကို စကားမပြောတော့ဘူးဆိုရင်တော့ သူလည်း မကြားရတော့ဘူးပေါ့။

ပရိတ်သတ်များ။ ။မှားယွင်းတဲ့ ဘုရားကို စကားပြောနေတယ် ဆိုရင်ရော။

ဟုတ်တယ်။ ဒါလည်း တကယ့်ပြဿနာတစ်ခုပဲ။

ပရိတ်သတ်များ။ ။ လေကို စကားပြောနေသလို ဖြစ်မှာပေါ့။

ခွဲခွာခြင်းကို ဖြစ်စေတာက ကျွန်တော်တို့ မိမိကိုယ်မိမိ အပြစ်တင်ခြင်း ဖြစ်ပါတယ်။ အပြစ်တင်တဲ့စိတ်က ဘုရားသခင်ဆီကနေ ထွက်ပြေးတိမ်းရှောင်စေပြီးတော့၊ ဒီအရာ က ဘုရားသခင် ကျွန်တော်တို့ရဲ့တောင်းလျှောက်သံကို မကြားရအောင် ဖြစ်စေပါ တယ်။

အကျိုးဆက် ၃။ ။ သေဆုံးခြင်း

ကျွန်တော်တို့ မိမိကိုယ်မိမိ တရားစီရင်ကြတယ်။ အပြစ်တင်ကြတယ်။ အသက်ရဲ့ အရင်းမြစ်ကနေ ထွက်ပြေးတိမ်းရှောင်ကြတယ်။ သိသာထင်ရှားတဲ့ အကျိုးဆက်က ဘာဖြစ်မယ်ထင်ကြလဲ။

ပရိတ်သတ်များ။ ။ သေခြင်းတရား။

အသက်ရဲ့ အရင်းမြစ်ကနေ ထွက်ခွာခြင်းဟာ သေခြင်းပါပဲ။ သေခြင်းတရားဆိုတာ ဘုရားသခင်ဆီက အာဏာရှင်ဆန်ဆန် အပြစ်ဒဏ်ပေးခြင်း မဟုတ်ပါဘူး။

## သားသမီးတွေနဲ့ ခွဲခွာနေရခြင်းကို ဘုရားသခင် မုန်းပါတယ်။

ဘုရားသခင်က သူ့သားသမီးတွေနဲ့ အမြဲနီးနေချင်တဲ့ ဘုရားဖြစ်ပါတယ်။ သူ့အလို တော်က ပြောင်းလဲခြင်း မရှိပါဘူး။ ကမ္ဘာဦးကျမ်း ၃ မှာ အပြစ်တရားက ဘုရားသခင် ကို ကျွန်တော်တို့နဲ့ ဝေးကွာစေတာ မဟုတ်ကြောင်း ထင်ထင်ရှားရှား ဖော်ပြထားပါ တယ်။ ကျွန်တော်တို့ကို ဘုရားသခင်နှင့် ဝေးကွာစေတာဖြစ်ပါတယ်။ ဝေးကွာအောင် ထွက်ပြေးတာ ကျွန်တော်တို့ ဖြစ်ပါတယ်။ ကျွန်တော်တို့နှင့် ပတ်သက်ပြီး သူ့ဆီမှာ

ဘာပြဿနာမှ မရှိပါဘူး။ ဘုရားသခင်နှင့် ပတ်သက်လာရင် ပြဿနာရှိတာ ကျွန် တော်တို့ ဖြစ်ပါတယ်။

ဘုရားသခင်က ဥယျာဉ်တော်ထဲကို သွားပြီး သူ့သားသမီးတွေကို ရှာဖွေတာဟာ တကယ်တော့ သူ့ဘယ်လောက်ချစ်ကြောင်း ကျွန်တော်တို့ကို ပြသနေတာဖြစ်ပါတယ်။ သူကျွန်တော်တို့ကို ချစ်ပါတယ်။ ဘုရားသခင် သူတို့ကို ချစ်တဲ့အချစ်က အသွင်ပြင်၊ ပုံသဏ္ဍာန်အားဖြင့် ဖြစ်စေ၊ဘယ်လိုနည်းနဲ့မှ ပြောင်းလဲခြင်း မရှိပါဘူး။ ကျွန်တော်တို့ရဲ့ အပြစ်ရှိတဲ့ သဘာဝကြောင့် ကျွန်တော်တို့ အနားကို ကပ်လို့မရဘူးဆိုတာ သူကျွန်တော်တို့ အနားမှာ မနေချင်လို့ ဆိုပြီးပြောလို့မရပါဘူး။ သူကျွန်တော်တို့နှင့် အတူမနေချင်လို့ မဟုတ်ပါဘူး။ ကျွန်တော်တို့က သူ့အနားမှာ မနေချင်ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က သူနှင့်အတူ မရှိချင်ကြပါဘူး။ ဘုရားသခင်ရဲ့ ဘုန်းတော်ရောင်ခြည်ရဲ့တောက်ပမှု၊ သူ့စာရိတ္တတော်ရဲ့ သန့်ရှင်းမှုဟာ ကျွန်တော်တို့အတွက် မိမိကိုယ်မိမိ လိပ်ပြာမလုံ ဖြစ်စေပြီး၊ လောင်ကျွမ်းတတ်တဲ့ မီးတောက်လို ဖြစ်နေလို့ ကျွန်တော် တို့ကို ချက်ချင်းသေစေနိုင်ပါတယ်။ ကျွန်တော်တို့ကို သေစေမယ့်အဖြစ်မျိုး ဘုရား သခင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရှောင်ကြဉ်ပါတယ်။

ဘုရားသခင်ရဲ့ အချစ်က အဲလောက်ခိုင်မာတာ မထူးဆန်းဘူးလား။ အံ့ဩစရာမကောင်းဘူးလား။ သူ့ကောင်းမြတ်ခြင်းက အလွန်တန်ခိုးကြီးလို့ သူ့ရဲ့ဘုန်းတော် တန်ခိုးကို အပြည့်ဝ မဖော်ပြရဲရှာဘူး။ ဒီလိုပြလိုက်ရင် ကျွန်တော်တို့ ထွက်ပြေးမှာ၊ မတော်လို့ သေသွားမှာကို သူစိုးရိမ်လို့။ ဒါကြောင့် သူက သူ့ကိုယ်သူ ဖြည်းဖြည်းချင်းပဲ ဖော်ပြတော်မူတယ်။ သူနဲ့ကျွန်တော်တို့ကြားက ဆက်ဆံရေးကို ဖြည်းဖြည်းချင်းပဲ ပြန်လည်တည်ဆောက်ပြီးမှ ဖော်ပြပါတယ်။

ကောင်းကင်ကလာတဲ့ ဆက်ဆံရေးအားလုံးဟာ သားတော်ဘုရားကတစ်ဆင့် ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိပြီးဖြစ်ပါတယ်။ ခမည်းတော်ဘုရားဟာ ကျွန်တော်တို့ ကို

ကိုယ်တိုင်ကိုယ်ကျ စကားမပြောတော့ပါဘူး။ သားတော်အားဖြင့်သာ စကားပြောတော်မူတယ်။ သူ့ရဲ့ဝိညာဉ်တော်သည်လည်း သားတော်အထဲမှာ စီးဆင်းနေပါတယ်။ ကျွန်တော်တို့နှင့် စကားပြောချင်တဲ့အခါ သူ့ကိုယ်စားလှယ်ဖြစ်တဲ့ ခရစ်တော်အားဖြင့်သာ ပြောပါတယ်။ ခရစ်တော်ဟာ သူနှင့်ကျွန်တော်တို့ကြားက ကြားဖျန်ဖြေသူဖြစ်ပါတယ်။ (၁တိ ၂:၅)

အချိန်တွေ ကုန်လာတာနဲ့အမျှ ဘုရားသခင်နှင့် ကျွန်တော်တို့ကြားက ဆက်ဆံရေးကလည်း ပိုပိုပြီး ခက်ခဲ ကြမ်းတမ်းလာပါတယ်။ သူ့သားသမီး တစ်ယောက်ယောက်နဲ့ ဝေးနေရတာဟာ ဘုရားသခင်အတွက် အသည်းကွဲခြင်းပါပဲ။ သင့်သားသမီးတွေနဲ့ အတူတူအရမ်းနေချင်တဲ့ အချိန်မှာ သူတို့က သင့်ကို ထွက်သွားခိုင်းရင် သင်ဘယ်လိုခံစားရမလဲ။ စဉ်းစားကြည့်ပါ။ သူ့သားသမီးအယောက်စီတိုင်းအတွက်၊ ဒေင်ဥယျာဉ် ထဲကနှစ်ယောက် အပါဝင်၊ ထားရှိတဲ့ အဆုံးမဲ့၊ အကြွင်းမဲ့ မေတ္တာဟာ ကြီးမားလွန်း တာကြောင့် ငြင်းပယ်ခံရမှုတွေဟာ သားတော်ဘုရားနှင့် ခမည်းတော်ဘုရားအတွက် သေခြင်းလိုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နားမလည်နိုင်လောက်တဲ့ အခြေနေနဲ့ သူတို့ နှလုံးသားတွေဟာ ဆုတ်ဖြဲထိုးဖောက်ခြင်း ခံရတယ်။ အပြစ်တရားရဲ့ ခွဲခွာမှုကြောင့် ယေရှုဘုရားဟာ ကမ္ဘာမြေမတည်မရှိမီကတည်းက အသေသတ်ခံရတဲ့ သိုးသူငယ်ဖြစ်ခဲ့ရတယ်။ ခမည်းတော်ရဲ့ နာကျင်မှုတွေကို သူမျှဝေခံစားပေးတယ်။ ကျွန်တော်တို့ ပျော်ရွှင်မှု၊ ပြည့်ဝမှုတွေနဲ့ ထာဝရအသက်ရှင်နိုင်တာကို မြင်ရဖို့၊ အတူတူနေရဖို့ ဘုရားသခင် တောင့်တလျှက်ရှိပါတယ်။

သားတော်ဘုရားရဲ့ပုံစံအားဖြင့် ဘုရားသခင်ကို သူတို့အနားလာဖို့ ခွင့်ပြုခဲ့တဲ့ လူ တချို့တော့ရှိပါတယ်။ ဧနောက်ပေါ့။ ဧနောက် ဘုရားသခင်နှင့် သွားလာတယ်။ ဧနောက် ဟာ ဘုရားသခင်နဲ့ အလွန်နီးကပ်စွာ လျှောက်လမ်းတဲ့အတွက် ကောင်းကင်နိုင်ငံ တော်အထိ ရောက်သွားခဲ့ပါတယ်။ သူအဖရဲ့အိမ်တော်ကို ပြန်လိုက်နိုင်ခဲ့ပါတယ်။

နောကေ ဘုရားသခင်ရဲ့ မျက်နှာသာတော်ရခဲ့တယ်။ ကျမ်းစာထဲမှာ မရေးထားတဲ့ ရေမကြီးခင်အချိန်က သူနဲ့ဘုရားသခင် နှစ်ဦးအကြားက လှပတဲ့ ဆက်ဆံရေးတွေ ရှိနေမယ်လို့ ကျွန်တော်ထင်ပါတယ်။ ရေကြီးပြီးတဲ့နောက်မှာတော့ အာဗြဟံ ရှိမယ်။ အာဗြဟံက အများတွေလုပ်ခဲ့တယ်။ လုပ်ခဲ့လား။

ပရိတ်သတ်များ။ ။ လုပ်ခဲ့ပါတယ်။

ဒါပေမယ့် အာဗြဟံက "ဘုရားသခင်ရဲ့ သူငယ်ချင်း"လို့ ပြောခြင်းခံရတယ်။ ဒီအချက် က သူနဲ့သူ့သားသမီးတွေအကြားက ဆက်ဆံရေးအတွက် သက်ရောက်မှု တစ်ခုခုတော့ရှိရမှာပေါ့။ ဣဇက်၊ ယာကုပ်၊ ယောသပ် အားလုံးက သူတို့ရုန်းကန်မှုတွေ အသီးသီးရှိခဲ့ပေမယ့် ဘုရားသခင်နဲ့ ကောင်းတဲ့ ဆက်ဆံရေးတွေ ရှိခဲ့ကြတယ်။ သူတို့အားလုံးက ဘုရားသခင်ရဲ့ ကတိတော်တွေကို ယုံကြည်ခြင်းနဲ့ ကိုင်စွဲခဲ့ကြတယ်။ အရမ်းမွန်မြတ်ပါတယ်။ သူတို့တော့ ကျိန်းသေ ဘုရားသခင်နဲ့ ပြန်လည်သင့်မြတ်ခဲ့ကြ မှာပဲ။

ဒါပေမယ့် ကံမကောင်းစွာနဲ့ ဘုရားသခင်ရဲ့ သားသမီးအများစုက သူတို့ရဲ့ ကောင်းကင်အဖနဲ့ ဆက်ဆံရေး မထားရှိချင်ကြဘူး။ အကြောင်းအမျိုးမျိုးကြောင့်ပေါ့။ ဒီအရာကလည်း ကျွန်တော်တို့ နားမလည်နိုင်လောက်အောင် ဘုရားသခင်ကို နာကျင်စေပါတယ်။

တစ်စုံတစ်ယောက်ရဲ့ ငြင်းပယ်ခြင်းကို ခံရတဲ့အခါ ခံစားရတဲ့ အဆိုးဆုံးခံစားချက်ကို ပြန်တွေးကြည့်ပါ။ နာကျင်ရပါတယ်။ ကျွန်တော်အလုပ် လုပ်တဲ့စက်ရုံက လုပ်ဖော်ကိုင်ဖက်တစ်ယောက်ရဲ့ ငြင်းပယ်မှုကို အချိန်တော်ကြာ ခံရလို့ ငိုခဲ့ဖူးတဲ့အကြောင်း ကျွန်တော် အရင်က တစ်ခါပြောပြဖူးပါတယ်။ တကယ်နာကျင်ရပါတယ်၊ ဒီဒဏ်ကို အကြာကြီး သယ်နေခဲ့ရတယ်။

ကျွန်တော်တို့ရဲ့ အဖဘုရားသခင် အချိန်အတော်ကြာအောင် သယ်ဆောင်နေရတဲ့ နာကျင်မှုကို တွေးကူကြည့်ပါ။ သူ့သားသမီးတွေက သူ့အကြောင်းမသိချင်၊ သူ့ကိုမလိုချင်လို့ တွန်းထုတ်နေကြတဲ့အခါ သူဘာလုပ်ရတော့မလဲ။

ဘုရားသခင် ဣသရေလ လူမျိုးတွေကို အီဂျစ်ပြည်ကနေ ခေါ်ဆောင်ခဲ့တုန်းက သူတို့ ရာစုနှစ်ကြာအောင် ကျွန်ခံခဲ့ရတဲ့ ဘဝကနေသူ သူတို့ကို လွတ်မြောက်ခွင့် ပေးခဲ့ပါတယ်။ ထွက်မြောက်ရာကျမ်း ၂၅:၈မှာ မောရှေကို သူဒီလိုပြောခဲ့တယ်။ "ငါသည် သင်တို့တွင်ကျိန်းဝပ်ဖို့ရာ သန့်ရှင်းရာဌာနကို လုပ်ကြစေ။" ဣသရေလ လူတွေဟာ ကျွန်ခံနေရတာ အတော်ကြာနေပြီဖြစ်လို့ သူ့အပေါ် ယုံကြည်နိုင်ဖို့ ဘုရားသခင် သူတို့ နှင့် အတူရှိကြောင်း မြင်လို့ရတဲ့ ကိုယ်စားတစ်ခုခုလိုအပ်တဲ့ အကြောင်း သိခဲ့ပါတယ်။ ဗိမာန်တော်အားဖြင့် သူ့ကိုပိုမို နားလည်လာပြီး သူနှင့် ပိုမိုနီးကပ်နိုင်ကြမှာ ဖြစ်ပါတယ်။

ဘယ်လို ပုံစံမျိုးဖြစ်မလဲ ဆိုတာမြင်ယောင်နိုင်ဖို့ ဆွဲပြမယ်နော်။ (တဲတော်ဗိမာန် ပုံတစ်ခုနဲ့ သန်းပေါင်းများစွာသော ဣသရေလတွေကို ကိုယ်စားပြုတဲ့ စက်ဝိုင်းတစ်ခု သင်ပုန်းပေါ်မှာရေးပြသည်။)

ဣသရေလ လူတွေရဲ့ အလယ်လောက်မှာ တဲတော်ဗိမာန်ရှိတယ်။ ဗိမာန်တော်ထဲမှာ အခြား တဲတော် အခန်းငယ်လေးတစ်ခု ရှိတယ်။ တဲတော်အခန်းလေးရဲ့ အထဲမှာ အခြားသေးငယ်တဲ့ အခန်းတစ်ခန်းရှိသေးတယ်။ အသန့်ရှင်းသော အခန်းလို့ခေါ်တယ်။ သန့်ရှင်းသော အခန်းရဲ့ ကန့်လန့်ကာနောက်မှာ အသန့်ရှင်းဆုံးအခန်း ဆိုတာရှိတယ်။ မြင်ယောင်နိုင်ကြသေးလား မသိ။ အခုဆွဲနေတဲ့ ပဋိညာဉ်သေတ္တာရဲ့ အသေးစိတ်ကို မြင်နိုင်ကြတယ်မလား။(ရယ်လျက်) ဟုတ်ပြီ။ အဲနေရာက ဘုရားသခင်နေတဲ့ နေရာ ပဲ။ သူတို့အလယ်မှာ ရှိတဲ့ ပဋိညာဉ်သေတ္တာရဲ့အပေါ်မှာ ဘုရားသခင်ရဲ့ အတူရှိခြင်း ရှိပါတယ်။ တောထဲမှာ ဣသရေလတွေ လှည့်လည်နေတဲ့အချိန်မျိုးမှာပေါ့။

သူတို့ အီဂျစ်ပြည်က ထွက်လာတုန်းကတော့ ဘုရားသခင်က နေ့အချိန်မှာ တိမ်၊ ညအချိန်မှာ မီးတိုင်အဖြစ် သူ့ကိုသူ ထင်ရှင်းပြခဲ့တယ်။ ဒါ့ထက်ပိုပြီး သူတို့နှင့် ရင်နှီးချင်ခဲ့တယ်။ သူတို့လို မြေကြီးပေါ်မှာ အတူနေချင်တယ်။ ဒါကြောင့် ဣသရေလလူတွေ ကလိုအပ်တဲ့ ပစ္စည်းတွေကို ပေးလှူပြီး တဲတော်ဗိမာန်တော် ဆောက်ခဲ့ကြတယ်။ အဲဒီနေရာလေးမှာ သူတို့ကြားထဲ နေလို့ရမယ့် နေရာတစ်ခုကို ဘုရားသခင် စီစဉ်ခဲ့ တယ်။ သက်သေခံတော်မူရာ ပဋိညာဉ်သေတ္တာတော်က သူ့ရဲ့ ထာဝရပလ္လင်တော်ကို ကိုယ်စားပြုပြီးတော့ သူတို့နှင့်အတူ နေဖို့လာတဲ့အခါ သူအဲ့မှာနေတယ်။

ဒီလိုတွေးမိကြဖူးလား။ ဘုရားသခင်က သေးငယ်တဲ့ တဲတော်ထဲက နေရာကျဉ်းကျဉ်းလေးမှာ သူ့သားသမီးတွေနဲ့ အတူရှိဖို့ ကန့်သတ်ထားတာ သူကျေနပ်ရော ကျေနပ်ရဲ့လားလို့။ သူမကျေနပ်ပါဘူး။ ဒါက မပြည့်စုံသေးတာ။ ဒီလိုအတူရှိခြင်းဟာ ဘုရားသခင်တွက်လည်း ကျေနပ်စရာမကောင်းသလို သူတို့အတွက်လည်း ဘုရားသခင်ကို ဒီနည်းနဲ့ သိကျွမ်းဖို့က မလုံလောက်ပါဘူး။ အာဒံလိုပဲ သူတို့က ဘုရားသခင်ကို နားလည်မှုလွဲခဲ့ကြပြီးတော့ သူ့ရဲ့အဖြစ်မှန်နဲ့ နည်းနည်းမှ မနီးစပ်အောင် လျှောက်တွေးခဲ့ကြတယ်။ သူ့ကိုယ်သူ အသန့်ရှင်းဆုံးအခန်းမှာ ကန့်သတ်ထားတာ ထူးဆန်းတယ် လို့ထင်ကြတယ်။ ဒီလိုကျမ်းစာထဲမှာ မရေးထားပါဘူးလို့လဲ တွေးမိကောင်းတွေးမိကြလိမ့်မယ်။ သူတို့ သွားလာနေတုန်း နေ့ဘက် မိုးတိမ်၊ ညဘက် မီးတိုင်အဖြစ်နေတာကလွဲရင် ဘုရားသခင်က ဘာလို့ တဲတော်ရဲ့ အသန့်ရှင်းဆုံးအခန်းက ပဋိညာဉ်သေတ္တာ ပေါ်မှာဘဲ နေရတာလဲ။ ဘာလို့ ငါတို့က မြင်လို့မရတာလဲ။

သူတို့အတွက် မလုံလောက်ခဲ့ဘူး။ ကျွန်တော်တို့ လူသားတွေအနေနဲ့ ဘုရားသခင် အပေါ် မရှင်းလင်းတဲ့ အမြင်တွေအကြောင်း တရားဟောချက်ပေါင်းများစွာ ကျွန် တော်တို့ကြားဖူးကြပါလိမ့်မယ်။ သူတို့အတွက်လဲ ဒီလိုပါပဲ...နားမလည်နိုင်ခဲ့ကြဘူး။ ဘုရားသခင်ဟာ မြင့်မြတ်တဲ့ တရားသူကြီး၊ သူ့ဘုန်းတော်ကို နိမ့်ကျစေတဲ့သူကို အပြစ်ဒဏ်ပေးတဲ့ သူလို့မြင်ခဲ့ကြတယ်။ အထူးသဖြင့် သူတို့ရန်သူတွေ အတွက်ပေါ့။ သူ

တို့ရှုန်သူတွေကို ဘုရားသခင် လုံးဝမုန်းတီးမှာပဲ လို့ထင်ခဲ့ကြတယ်။ သူတို့ မမြင်နိုင်၊ နားမလည်နိုင်ခဲ့ကြဘူး။

ဒါကြောင့် တဲတော်နှင့် တဲတော်ရဲ့ လုပ်ဆောင်ပုံတွေကနေ ဘုရားသခင် သင်ယူစေချင်တဲ့ သင်ခန်းစာတွေကို သူတို့ လုံးဝမရလိုက်ကြဘူး။ တကယ်တော့ ဣသရေလ လူမျိုးတွေ မြင်နိုင်တဲ့၊ ဖားရတာလွယ်တဲ့ နတ်ဘုရားတွေနောက်ကို လမ်းလွဲသွားကြတာ အတော်ဆိုးပါတယ်။

ဘုရားသခင်ကို ဖားဖို့ လိုပါသလား။ မျက်နှာချိုသွေးတာ ဖားတာ ဘုရားသခင် ကြိုက်လား။ မကြိုက်ပါဘူး။ သူလိုချင်တာက သူ့သားသမီးတွေ သူ့ကို သိဖို့ပါပဲ။ ဒါပေမယ့် ဒါကလည်း သူတို့အတွက် ခက်ခဲတဲ့ အလုပ်တစ်ခု ဖြစ်နေပါတယ်။ လူသားတွေ ဘုရားသခင်ကို သူဖြစ်သည့်အတိုင်း နားလည်စေနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းကို တွေ့ခဲ့ပါတယ်။ သူတို့မြင်နိုင်တဲ့ ခြုတ်စွပ်တူကိုယ်စားတစ်ယောက် ရှိမှဖြစ်မယ်ဆိုတာပေါ့။ သူတို့လို လူသားတစ်ယောက်။ ဒါကြောင့် သူ့သားတော်အားဖြင့် သူကြိုးစားခဲ့ပါတယ်။

ကျွန်တော်တို့ တဲတော်ကနေ သားတော်ဘုရားဆီကို သွားရအောင်။

# “ငါ့တွက် နေစရာ ခန္ဓာတစ်ခုကို ပြင်ဆင်လော့”

ဘုရားသခင်က သူနဲ့ တစ်လုံးတစ်ဝတည်းဖြစ်တဲ့၊ သူ့အကြောင်းကို ရှင်းရှင်းနီးနီး၊ ပြည့်ပြည့်စုံစုံ၊ သူဖြစ်သည်အတိုင်း မှန်ကန်စွာ သိတဲ့သားတော်ကို စေလွှတ်ခဲ့ပါတယ်။ အာမင်။

ပရိတ်သတ်များ။ ။အာမင်။

အာလေလုယာ။

ဘုရားသခင်က လောကီသားတွေကို အရမ်းချစ်တဲ့အတွက် တစ်ဦးသောသားတော်ကို သူ့ကိုယ်စား စေလွှတ်ခဲ့ပါတယ်။ ယေရှုဘုရားဟာ ကြွလာခဲ့ပြီးတော့ “ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ ငါဟောပြောသော စကားကို ကိုယ်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါပြုသောအမှုတို့ကိုကား၊ ငါ၌တည်တော်မူသော ခမည်းတော်သည် ပြုတော်မူ၏”လို့ ကရုဏာသက်စွာ ပြောခဲ့ပါတယ်။ (ယောဟန် ၁၄:၉-၁၀)

ဒါကြောင့် ဘုရားသခင်ဟာ ဘယ်လို ဘုရားမျိုးလဲဆိုတာ ကျွန်တော်တို့ သိချင်ရင် ...သိချင်လို့ဖြစ်ဖြစ်၊ ဘုရားသခင် ဘယ်လိုမျိုးလဲဆိုတာ သိဖို့ လိုအပ်လို့ဖြစ်ဖြစ် ယေရှုကို ကြည့်လိုက်ပါ။ ဒါက အလုပ်မဖြစ်တာ သေချာတဲ့အတွက် (သင်ပုန်းပေါ်က တဲတော်ပုံစံကို လက်ညှိုးထားပြပြီးပြောသည်။) တဲတော်က သူတို့အတွက်ဖြစ်စေ ကျွန်တော်တို့အတွက်ဖြစ်စေ မလုံလောက်ခဲ့ဘူး။ ဒါပေမယ့် သင်ယူစရာ အတွေးမြင် ရစရာအများကြီးတော့ ရှိတာပေါ့။

ဟေဗြဲ ၁၀:၅

ထိုကြောင့်၊ ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ၊ အို ဘုရားသခင်၊ ကိုယ်တော်သည် ယဇ်နှင့် ပူဇော်သကာတို့ကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်အဖို့ ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူပြီ။”

ယေရှုဘုရား ကြွလာခဲ့တုန်းက အသေခံဖို့ ရည်ရွယ်ချက်နဲ့ ကြွလာတာ မဟုတ်ပါဘူး။ ဘုရားသခင်အနေနဲ့ အပြစ်ခွင့်လွတ်ဖို့အတွက် အသွေးသွန်းဖို့လိုတယ်လို့ လူတွေက တွေးထင်ခဲ့ကြတယ်။ တကယ်တော့ ဒီလိုမဟုတ်ပါဘူး။

“ယဇ်နှင့် ပူဇော်သကာတို့ကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်အဖို့ ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူပြီ။” ခန္ဓာကိုယ်တစ်ခု ဟုတ်လား။ ယဇ်ပူဇော်ဖို့လား...။ မဟုတ်ဘူး... ဒီလိုမဟုတ်ပါဘူး။ ကိုယ်ခန္ဓာတစ်ခု ပြင်ဆင်တယ်ဆိုတာ သူ့အနီးနားမှာရှိတဲ့ လူတွေဆီမှာ သူ့ခမည်းတော်ရဲ့ စာရိတ္တတော်ကို လှပတင့်တယ်စွာ ပြသနိုင်မယ့် ခန္ဓာကို ပြောချင်တာပါ။

ဒီကိစ္စကို ဒီအခန်းငယ်တွေက ဘယ်လို ရှင်းရှင်းလင်းလင်း ဖော်ပြသွားလဲ ဆိုတာ လေ့လာကြည့်ပါ။ ဘုရားသခင်ကို မျက်နှာချိုသွေးဖို့၊ ဖားဖို့ ပြောနေတာမဟုတ်ပါဘူး။ ယေရှုဘုရား လူ့ဇာတိနဲ့ ဘုရားသခင်ရဲ့ ကိုယ်စားအဖြစ် အသက်ရှင်ပြသွားခြင်းအား ဖြင့် ဘုရားသခင်ကို ကျွန်တော်တို့ သိမြင်နိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

ယောဟန် ၁:၁၄

နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိကို ခံယူ၍၊ ကျေးဇူးတော်နှင့် လည်းကောင်း၊ သစ္စာတော်နှင့် လည်းကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊

ခမည်းတော်၌ တစ်ပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။”

သူ့သာသနာတော်ရဲ့အဆုံး၊ ခမည်းတော်ဘုရားဆီ ယေရှုဆုတောင်းတဲ့အခါ “အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာအဖို့ အကျွန်ုပ်၌ အပ်ပေးတော်မူသော အမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။” လို့ဆုတောင်းခဲ့ပါတယ်။ အပ်ပေးတဲ့အမှုတော်ဆိုတာ ဘုရားသခင် ဘယ်လိုဘုရားမျိုးလဲဆိုတာ သူဖြစ်တဲ့အတိုင်း ဖော်ပြဖို့ဖြစ်ပါတယ်။ ယေရှုက အဲ့အမှုတော်ကို ပြည့်ပြည့်စုံစုံ လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီကိစ္စမှာ ဒါ့ထက်ပိုတာရှိပါတယ်။ ဘုရားသခင်က သူ့သားသမီးတွေနဲ့ နီးကပ်ချင်တယ်ဆိုတာ သတိရပါ။ ယေရှုခရစ်အားဖြင့်၊ ဒါမှမဟုတ် ယေရှုအထဲကနေ လို့ပြောရမလား၊ ခမည်းတော်ဘုရားဟာ သူ့သားသမီးတွေနဲ့ ပို၍နီးကပ်ခွင့် ရခဲ့ပါတယ်။

ဟုတ်ပြီ…ဒီမှာ…ယေရှု။ ထားပါတော့…(သင်ပုန်းပေါ်မှာ ယေရှုပုံဆွဲပြသည်) ယေရှု က ဒီမှာဟုတ်ပြီနော်…ဒါဆို ဘုရားသခင်ကရော ဘယ်မှာလဲ။ အရင်က ဘုရားသခင် မှာ တဲတော်ဗိမာန်ထဲက သေတ္တာပေါ်မှာ နေရာသေးသေးလေးပဲ ရှိခဲ့တယ်။ အခုတော့ သားတော်အထဲမှာ သူနေရာရခဲ့တယ်။ “ဘုရားသခင်သည် ခရစ်တော်အားဖြင့် သူနဲ့ လောကကြီးကို ပြန်လည်သင့်မြတ်စေခဲ့တယ်။”

ပဋိညာဉ်သေတ္တာက သူတို့ ခရီးထွက်တဲ့ အချိန်ကလွဲရင် သူဘာသူရွေ့လို့မရဘူး။ အဲ့သေတ္တာကို သယ်တဲ့အချိန်တွေမှာ ဘုရားသခင်ရဲ့ အတူရှိခြင်းက အဲသေတ္တာပေါ်မှာ မဟုတ်ဘူး။ အခုတော့၊ သူ့ရဲ့ စာရိတ္တကို ရှင်းလင်းစွာ ပြဖို့အတွက် သားတော်ရှိနေပြီ။ တဲတော်ဗိမာန်အားဖြင့် ဖော်ပြချင်တဲ့ အတွေးမြင်တွေကိုလည်း သားတော်အားဖြင့် ဖော်ပြလို့ရနေပြီ။ ယေရှုက လူသားတွေနဲ့ အပြည့်ဝရောနှော ဆက်ဆံနေခဲ့ပြီ။ ခမည်းတော်ဘုရားကလည်း သူ့သားသမီးတွေနဲ့ ပိုပြီးရောနှောဆက်ဆံခွင့် ရလာခဲ့ တယ်။

ဒီတဲတော်အနေ ခရစ်တော်အားဖြင့် လုံးလုံးလျားလျားနေလို့ရတဲ့ နေရာအထိ လျှောက်လမ်းခဲ့တဲ့ ဘုရားသခင်ရဲ့ ခြေလှမ်းတွေကို မြင်နိုင်ကြလား။

၂ကော ၅:၁၈

"ထိုသို့ဖြစ်သော ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏။ ထိုမိတ်သဟာယတရားကို ဟောရသော အခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏။"

နောက်တစ်ဆင့်ကတော့

အခန်းငယ် ၁၉

"ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊ ရန်ကို ငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏။"

သေချာ ဂရုစိုက်ကြည့်ပါ။ ဘုရားသခင်နှင့် ကျွန်တော်တို့အကြားက ပြန်လည်သင့်မြတ်ခြင်းဟာ မျက်နှာလိုမျက်နှာရ ဆက်ဆံရေးမျိုးမဟုတ်တာ တွေ့ရပါတယ်။ ရွှေပြည်အေးဝါဒနဲ့ဆို ဘုရားသခင်ရဲ့ စာရိတ္တတော်ကို မှန်မှန်ကန်ကန် မြင်လို့ရမှာမဟုတ်ဘူး။ အပြစ်တင်ခြင်းဟာ ဘယ်သူ့ဆီကနေလာတာလဲ။ အာဒံဆီက လာတာနော်။ ဘုရားသခင်ဆီက မဟုတ်ဘူး။ ရောမ ၅:၁၆ ကိုအမြဲ သတိရပါ။

ခွဲခွာခြင်းကလည်း အာဒံဆီက လာတာပဲ။ ဘုရားသခင်ဆီက မဟုတ်ဘူး။ ထွက်ပြေးပုန်းရှောင်တဲ့သူက အာဒံ၊ ဘုရားသခင်မဟုတ်ဘူး။ ဘုရားသခင်က အာဒံရဲ့ နှလုံး

သားထဲမှာ ဘာရှိတယ်ဆိုတာကို သိတယ်။ ဘုရားသခင်ရဲ့ နှလုံးသားထဲမှာ ဘာရှိတယ်ဆိုတာ အာဒံမသိဘူး။ ရန်သူက ဘုရားသခင်နှင့် ပတ်သက်တဲ့ မှားယွင်းတဲ့ သတင်းတွေနဲ့သူ့ကို လိမ်လှည် တိုက်ခိုက်ခြင်း သူခံခဲ့ရတယ်။ အာဒံက ရန်သူ ချထား တဲ့ ငါးမျှားချိတ်ကို မျိုချမိခဲ့ပြီး၊ လုံးလုံးလျားလျား တစ်ပတ်ရိုက် ခံလိုက်ရတယ်။

နားလည်မှုလွဲခဲ့တာ အာဒံရဲ့ ပြဿနာပဲ။ ဘုရားသခင်ရဲ့ ပြဿနာမဟုတ်ဘူး။ ဒါကြောင့် အပြစ်ကနေ ကျွန်တော်တို့ကို ကယ်တင်နိုင်ဖို့ အဖြေကတော့ ယဇ်ပူဇော်ခြင်းနဲ့မှ မျက်နှာချိုသွေးလုပ်မှ ဘုရားသခင်က သဘောကျတယ်ဆို့တဲ့ အတွေးနဲ့ ဘုရားသခင်ကို မကြောက်ရွံ့ဖို့၊ အပြစ်တင်တာမလုပ်ဖို့ ဖြစ်ပါတယ်။ အဲဒီအစား ဘုရားသခင်က ကျွန်တော်တို့ကို ချစ်တယ်။ သူ့အချစ်က ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး ဆို့တဲ့ သံသယကင်းတဲ့ ယုံကြည်စိတ်ချမှု ရှိဖို့ ဖြစ်ပါတယ်။ အဲလိုအချစ်ကိုလည်း သူပြင်ဆင်ထားတဲ့ ကိုယ်ခန္ဓာ ဖြစ်တဲ့ သူ့သားတော်အားဖြင့် ပြသခဲ့ပြီးပါပြီ။

လူသားတွေရဲ့စိတ်နှလုံး ချမ်းမြေ့စေဖို့ ဘုရားသခင့် ဘုန်းတော်နဲ့ ကောင်းမြတ်မှုတွေ ကို မှန်ကန်စွာ ပုံဖော်ပြသဖို့ ဖြစ်ပါတယ်။ လိုအပ်တာက ဘုရားသခင်ကို မျက်နှာချို သွေးဖို့ မဟုတ်ပါဘူး။ စိတ်ချမ်းမြေ့စွာ ကိုးစားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စိတ်တွေကို ဘုရားသခင်နဲ့ပတ်သက်ပြီး စိတ်ပေါ့ပါးစွာ အနေသားကျဖို့ လိုအပ်ပါတယ်။ သူ့အချစ်မေတ္တာတွေ၊ သူဖြစ်တည်မှု အမှန်တွေကို သိမြင်နိုင်ဖို့ပေါ့။ ဘုရားသခင်ရဲ့ ကျွန်တော်တို့အပေါ် ထားရှိတဲ့ အချစ်စစ်ကို သိမြင်နားလည်ခြင်းကပဲ ကျွန်တော်တို့ရဲ့ နှလုံးသားကို သူဆီခေါ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကို ပြန်လည်သင့်မြတ်ခြင်းလို့ ခေါ်ပါတယ်။ ဒီအချက်က ကျွန်တော်တို့ရဲ့ ချစ်ရတဲ့ ညီအစ်ကိုလည်းဖြစ်၊ ကယ်တင်ရှင်လည်းဖြစ်၊ အရှင်သခင်လည်းဖြစ်တဲ့ ယေရှုခရစ်မှာ ပြည့်စုံလှပစွာ အောင်မြင်ပြီး မြောက်ခဲ့ပါတယ်။

ယေရှုရဲ့ အသက်တာက ဘုရားသခင် ဘယ်လိုဘုရားမျိုးလဲဆိုတာကို ရှင်းလင်းစွာ ပြသခဲ့ပါတယ်။ ယေရှုရဲ့ အသေခံခြင်းက ကျွန်တော်တို့ ဘယ်လိုလူတွေလဲ ဆိုတာကို ရှင်းလင်းစွာ ပြသခဲ့ပါတယ်။ ဘုရားသခင်က အသက် ပေးပိုင်သူပဲ ဖြစ်ပါတယ်။ ဘုရားသခင်က မျှော်လင့်ခြင်းနဲ့ အသက်ရှင်တဲ့ ဘုရားလည်းဖြစ်တယ်။ ကြင်နာခြင်း မှာ မွေ့လျော်တယ်။ ကျွန်တော်တို့ကတော့ အပြစ်တင်ခြင်းမှာ မွေ့လျော်ကြတယ်။ ဒါကြောင့် အကြောက်တရားအောက်မှာ အသက်ရှင်နေကြရတယ်။ ကျွန်တော်တို့က လူတွေအပေါ် ထင်မြင်ချက်တွေနဲ့ အပြစ်တင်တတ်ကြလွန်းတော့၊ ငါ့ကိုလည်း ပြန် အပြစ်တင်ကြမှာဘဲလို့ မျှော်လင့်တော့တာ။ ကာဣနရဲ့ပုံပြင်ကို သတိရပါ။

ကျွန်တော်တို့က အပြစ်တင်တတ်ကြလွန်းတော့ ဘုရားသခင်လည်း ကျွန်တော်တို့ကို အပြစ်တင်မှာပဲလို့ မျှော်လင့်ကြတယ်။ ဘုရားသခင်ကို ကျွန်တော်တို့ လိုပဲလို့ ထင်ကြ တယ်။ (ဆာလံ ၅၀:၂၁) အများစုက လူတွေကို ထင်မြင်ချက်ပေးဖို့၊ အပြစ်တင်ဖို့ပဲ တစ်ချိန်လုံး တွေးနေတတ်ကြတယ်။ လူတွေက ဒီလိုပဲ ပြုမူ၊ သွားလာ၊ ရှင်သန်၊ နေ ထိုင်နေကြတယ်။ သူတို့လိုပဲ ဘုရားသခင်လည်း တစ်ချိန်လုံး ထင်မြင်ချက်ပေးနေတဲ့ သူ၊ အပြစ်တင်နေတဲ့သူ၊ ဖျက်ဆီးနေတဲ့သူ လို့ပဲ ထင်ကြတယ်။ တကယ့်တကယ်တော့ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ မသိနားမလည်မှု အရိပ်အောက်မှာ အသက်ရှင်နေ ကြတဲ့ သူတွေဖြစ်ပါတယ်။ ဒီတော့ မိမိကိုယ်မိမိလည်း အပြစ်တင်တယ်။ အခြားသူ တွေကိုလည်း အပြစ်တင်တယ်။ မပြီးဆုံးနိုင်တဲ့ အပြန်လှန် ဆဲဆို၊ စော်ကားမှုတွေ ဖြစ်လာတော့တာပဲ။

မိမိကိုယ်မိမိ အပြစ်တင်ခြင်းနဲ့ ဘုရားသခင်ကို ကြောက်လန့်တဲ့စိတ် သံသရာကို ဖျက်ဆီးနိုင်ဖို့ ဘုရားသခင်က သူ့ရဲ့ တစ်ဦးတည်းသော သားတော် ယေရှုကို စေလွှတ် ခဲ့တယ်။ သူရဲ့ ကရုဏာတရားတွေ၊ သူ့ရဲ့ ထာဝရကြင်နာမှုတွေ၊ သူရဲ့ မွန်မြတ်တဲ့ မေတ္တာတရားကို လက်တွေ့ပြသဖို့ ဘုရားသခင်ကို ကျွန်တော်တို့ ကြောက်လန့်နေဖို့ မလိုတော့ဘူး။ သူ့ရဲ့ပုံရိပ်ကို အမှန်အတိုင်း ပြောင်းလဲလိုက်ပြီ။ ကျွန်တော်တို့အတွက်

ဘုရားသခင်က ငြိမ်သက်ချမ်းသာကို လိုလားတယ်ဆိုတာ နားလည်လာတဲ့အခါ ကြွယ်ဝတဲ့ ပျော်ရွှင်မှုကို မျှော်လင့်နိုင်ကြပြီပေါ့။ ကျွန်တော်တို့ရဲ့ အသက်တာတွေကို သူ့အကြံစည်တော်ထဲမှာ လုံးလုံးလျားလျား၊ အပ်နှံလာကြမယ်။ နှလုံးသားထဲမှာ ဘုရားသခင်နဲ့ မှန်ကန်စွာ ပြန်လည်သင့်မြတ်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ နှလုံးသားကို လုံခြုံစေဖို့ သူ့ဆီပေးလိုက်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယေရှုခရစ်တော်သည် ယုံကြည်ခြင်း၏ အစပြုသူ၊ ပြည့်စုံပြီးမြောက်စေသူ ဖြစ်သည်လို့ ရေးထားတာပေါ့။ ဘာကြောင့်လဲဆိုတော့ ခရစ်တော်အားဖြင့်သာ ကျွန်တော်တို့ ဘုရားသခင်ကို နားလည်လာ ကြတယ်။ သူ့ ကျွန်တော်တို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ အဆုံးမှာ ပြန်လည် သတိရစေလို့ဖြစ်ပါတယ်။ ဟာလေလုယ။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မောရှေဆီမှာ ဘုရားသခင်ဖော်ပြခဲ့တဲ့ သူ့ရဲ့စာရိတ္တ တော်ဟာ အမှန်ပဲဆိုတာ သေချာသွားပါပြီ။ ဟုတ်တယ်မလား။ အားလုံးကရော ယုံကြရဲ့လား။ ယေရှုအားဖြင့် မှန်ကန်တယ်ဆိုတာ သက်သေပြခဲ့ပြီ မဟုတ်ဘူးလား။ ဘုရားသခင်က "ချစ်သနားခြင်း၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့် သိခြင်းနှင့် ကြွယ်ဝတော်မူထသော" ဘုရားဖြစ်ပါတယ်။ (ထွက် မြောက်ရာကျမ်း ၃၄:၆,၇) ဒါက ဘုရားသခင် ကျွန်တော်တို့ အပေါ်ထားရှိတဲ့ စိတ်သ ဘောထား ဖြစ်ပါတယ်။

ဘုရားသခင်က တစ်စုံတစ်ယောက်ရဲ့ အပြစ်ကြွေးကို ဆပ်ဖို့ တစ်ယောက်သေရမယ် ဆိုတဲ့ ဥပဒေရေးရာတွေ၊ ပြန်လည်သင့်မြတ်ဖို့ မျက်နှာချိုသွေးပြီး ဖားပြတာတွေကို မကြိုက်ဘူးဆိုတာ ခရစ်တော်ရဲ့အသက်တာက အားလုံးကို တစ်ခါတည်း ပြသခဲ့ ပြီးပါပြီ။ တစ်စုံတစ်ယောက်ရဲ့ အသက်ပေးခြင်းမရှိဘူးဆိုရင်၊ ဘုရားသခင်က သူ့ရဲ့ အမျက်တော်မပြေမချင်း ခွင့်လွှတ်မှာ မဟုတ်ဘူး၊ အပြစ်ကို ဘုရားသခင် ဒီလို ဆပ် ခိုင်းတယ်၊ ဒီလိုတွေးတတ်ကြတယ်။ ကျွန်တော်မေးချင်တာ တကယ်ရော ဟုတ်လို့ လား။

ဒီလိုမဟုတ်နိုင်ပါဘူး။ သေချာစဉ်းစားကြည့်မယ်ဆိုရင် ဒါက အကျိုးကြောင်းမဆီလျော်ပါဘူး။

သူ့ရဲ့ ကရုဏာတော်ကို သိနားလည်ဖို့ ခမည်းတော်ဘုရား အလွန်တောင့်တနေတယ်ဆိုတာ၊ ကျွန်တော်တို့ အပြစ်တွေကို အရှမ်းခွင့်လွှတ်ချင်တဲ့သူ ဖြစ်တဲ့အကြောင်း၊ သူနဲ့အတူ ကျွန်တော်တို့ရဲ့ တစ်လုံးတစ်ဝတည်းဖြစ်မှုကို ပြန်လည်ရယူလိုကြောင်း ခရစ်တော်ရဲ့ အသက်တာက ပြသနေပါတယ်။ ဒါကြောင့်ဘဲအပြစ်ဖြေခြင်းဆိုတဲ့ စကားလုံးက ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ အပြစ်ဖြေခြင်းဆိုတာ နှစ်ဦးနှစ်ဖက်ကို တစ်လုံးတစ်ဝ တည်းဖြစ်စေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အပြစ်သားဖြစ်နေလျက်နဲ့၊ ဘုရားသခင်ရဲ့ စာရိတ္တတော်ကို မှားယွင်းစွာ ထင်မြင်နေလျက်ပင် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံခဲ့ပါတယ်။ ဘယ်လောက် မွန်မြတ်သလဲ။ ဘယ်လောက် ကရုဏာကြီးမားသလဲ။ ဘုရားသခင်ဟာ အပြစ်ကြွေးကို ဆပ်ဖို့ အသေခံခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ လူ့ဇာတိသဘောဟာ မုန်းစရာကောင်းကြောင်း၊ အပြစ်စီရင်လိုကြောင်း၊ ဘုရားသခင်ရဲ့ စာရိတ္တတော်ကို မယုံကြည်တတ်ကြောင်း ပြသဖို့ အသေခံခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ဘယ်လို လူမျိုးဖြစ်နေလဲ ဆိုတာကို ပြသပြီးတဲ့တွက် "ငါမင်းတို့ကို ချစ်နေတုန်းပဲ ဆိုတာ သိကြရဲ့လား။ ငါချစ်နေဆဲပါပဲ။ ငါ့အပေါ် အခုဘာတွေ လုပ် လုပ်၊ အရင်က ဘယ်လို လုပ်ခဲ့ လုပ်ခဲ့၊ ငါချစ်နေဆဲပါ။ ငါချစ်နေတုန်းပါ။" လို့ ဘုရား သခင် ပြောနိုင်ပြီ ဖြစ်ပါတယ်။ စာတန်မာရ်နတ်ရဲ့ ပုန်ကန်မှုအစမှာ ဒီမေတ္တာတော်ကို ကောင်းကင်တမန်တွေက ကောင်းကင်မှာ မသိကြသေးပါဘူး။ "ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာက ဘယ်လိုမျိုးပါလိမ့်"ဆိုတဲ့ မေးခွန်းမျိုး သူတို့မှာရှိနိုင်ပါတယ်။ သူတို့ တောင် နားမလည်ခဲ့ဘူး။ ဘာလို့ လူစီဖာက ကောင်းကင်နိုင်ငံတော်ကို စွန့်ခွာရတာ လဲ။ သူ့မှာ တရားဝင် အကြောင်းပြချက် ရှိလို့လား...စသည်ဖြင့်ပေါ့။

ဘုရားသခင်ရဲ့ အဂ္ဂပယ်မေတ္တာတော် အကြောင်းလေ့လာရတာ အရမ်းရှုပ်ထွေးတာပဲ နော်။ ကျွန်တော်တို့ နားလည်နိုင်ဖို့အတွက် ခက်ခဲတဲ့ အရာတစ်ခုပါပဲ။ ကျမ်းချက် တစ်ခုနဲ့ တစ်ခု နှိုင်းယှဉ်ရတယ်။ ကျမ်းချက်အပေါ် ကျွန်တော်တို့ရဲ့ အမြင်တွေကို ဖလှယ်ရတယ်။ ဒီဘုန်းကြီးတဲ့ သတင်းကောင်းကို လက်ခံရရှိနိုင်ဖို့ပေါ့။ လူသားတွေ က သူ့ရဲ့မေတ္တာတော်ကို အမှန်အတိုင်း သိမြင်ဖို့ မျှော်လင့် စောင့်ဆိုင်းနေတာ နှစ်ပေါင်း ထောင်ချီ ရှိနေပါပြီ။ သားတော်ဘုရား ပြသခဲ့တဲ့အတိုင်း သူ့ရဲ့ အမှန်တရားကို ကျွန် တော်တို့ သိရှိဖို့ သူမေတ္တာရပ်ခံနေပါတယ်။ သိချင်တဲ့ လူတွေရှိမလား။ ခမည်းတော် ဘုရားရဲ့ အမှန်တရားကို ယုံကြည်ချင်တဲ့ သူတွေရှိမလား။ ဒါ အခမဲ့နော်။ လိုချင်တဲ့သူ ရှိကြလား။ အခမဲ့ပါ။ ဒီဘဏ္ဍာတော်ကို ကျွန်တော်တို့ လက်ခံပေးဖို့ သူစောင့်နေပါ တယ်။ အခမဲ့နဲ့ ဝယ်ယူဖို့၊ ပိုက်ဆံပေးစရာမလိုဘူး။ ခရစ်တော် အသေခံခဲ့ရတယ်ဆိုတာ မှန်ပါတယ်။ ဘုရားသခင်က ဒီလိုဖြစ်ဖို့ ခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် အဲ့လိုဖြစ်လာရမယ်လို့ ခမည်းတော် ဘုရားက မတောင်းဆိုခဲ့ပါဘူး။

အားလုံးအတွက် ခရစ်တော် တစ်ကြိမ် အသေခံခဲ့တာ အပြစ်ကြွေးကိုဆပ်ဖို့ တစ် ယောက်ယောက် သေမှရမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ မိုက်မဲတဲ့အတွေးခေါ်ကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့ကို နောက်ခါ ဘယ်တော့မှ မျက်နှာချိုသွေးစရာမလို အောင် သူ့အတွက် တန်ဖိုးအကြီးဆုံးဖြစ်တဲ့ အရာကို သူပေးခဲ့ပါတယ်။ သူကိုယ်တိုင် ပေးတဲ့အရာထက် ဘယ်အရာက သူ့ကိုစိတ်ကျေနပ်မှုပေးနိုင်မှာလဲ။ "သဘောပေါက် တယ်ကြမလား။ ပေးဆပ်ခဲ့တဲ့ သူ၊ ပေးဆပ်နေတဲ့ သူက ငါပါ။ မင်းတို့ငါ့ကို ပေးလို့ရတာ ဘာတစ်ခုမှမရှိပါဘူး။ ငါတို့ရဲ့ ဆက်ဆံရေး ပြန်လည်ကျန်းမာလာဖို့ မင်းတို့ဆီက အခြား ငါဘာမှ မလိုအပ်ပါဘူး။" ဘုရားသခင် ကျွန်တော်တို့ကို မေတ္တာရပ်ခံနေ ပါတယ်။

ဒီလိုအတွေးခေါ်မျိုးကို အရင်က သင်တို့ကြားဖူးကြလား။ ဘုရားသခင်ရဲ့ အမျက်တော်ပြေဖို့ အပြစ်ကြွေးပြန်ဆပ်ဖို့ တစ်စုံတစ်ယောက် သေရမယ်ဆိုတာ မှားယွင်းတဲ့ အယူဆ ဖြစ်ပါတယ်။ မယုံကြည်သူတွေ၊ မှားယွင်းတဲ့ ကိုးကွယ်မှု

ပြုသူတွေရဲ့ အယူဆဖြစ်ပါ တယ်။ ဘုရားကို အမျက်ပြေဖို့လောက်ဘဲဖြစ်ဖြစ်၊ ပြစ်ဒဏ်ပေးခြင်း မခံရဖို့ စိတ်ရင်း မပါဘဲ မျက်နှာချိုသွေးပြီး ကိုးကွယ်ခြင်းဟာ မှားယွင်းတဲ့ ကိုးကွယ်မှုဖြစ်ပါတယ်။ ဒီလို မှားယွင်းတဲ့ ကိုးကွယ်မှုရဲ့ အယူဆတွေကို ကျွန်တော်တို့ ဆွဲကိုင်ခဲ့မိပြီး၊ သတင်း ကောင်းလို့ ခေါ်မိကြတာ အရမ်းဝမ်းနည်းစရာ ကောင်းပါတယ်။ ဘုရားသခင်ရဲ့ ကြွယ်ဝတဲ့ မေတ္တာကရုဏာ၊ ခွင့်လွှတ်ခြင်းတွေအတွက် ဘုရားသခင်ကို ချီးမွမ်းကြရအောင်။

ယေရှု ကားတိုင်ပေါ်မှာ အသေခံလို့ သုံးရက်အကြာမှာ ဘာဖြစ်ပျက်ခဲ့လဲ။ ယေရှု ပြန်လည်ထမြောက်ခဲ့တယ်။ တစ်ခဏလောက် စဉ်းစားကြည့်ပါအုံး။ အပြစ်အတွက် ပြစ်ဒဏ်စီရင်ခြင်းက သေခြင်းအားဖြင့် ဘုရားသခင်နဲ့ ထာဝရ ဝေးကွာခြင်းဆိုရင်၊ ဒီတရားစီရင်ခြင်းကို ယေရှု ဖောက်ဖျက်ရာရောက်မှာပေါ့။ ဘာလို့လဲဆိုတော့ သူထာဝရမှ မသေဘဲ။ ယေရှုသေချိန်ထက် ပိုမိုကြာရှည်စွာ သတိလစ်တဲ့ လူတွေအများကြီး ရှိတာပဲ။ ဆိုတော့ ဒါက အပြစ်ဒဏ်ပေးခြင်း မဟုတ်နိုင်တော့ဘူး။ ဒါက ပြစ်ဒဏ်ပေး ခြင်း မဟုတ်တော့ဘူး။

တကယ်လို့ အပြစ်အတွက် တရားစီရင်ခြင်းက အသွေးသွန်းခြင်းဆိုရင်၊ သမိုင်းတစ်လျှောက်မှာ လူများစွာက အသွေးသွန်းခဲ့ကြပြီးပြီပဲ။ ဘုရားသခင်အတွက် အသွေးသွန်းခဲ့ကြတဲ့ လူတွေလည်း အများကြီးရှိခဲ့တာပဲ။ သူတို့ အပြစ်ကြွေးဆပ်ဖို့ မလိုတော့ဘူးလား။ ခရစ်ယာန်တွေကတော့ ဒီလိုဖြေလိမ့်မယ်။ " မဟုတ်ဘူး။ ဘုရားသခင်ရဲ့ အသွေးပဲဖြစ်ရမယ်။ ဘုရားသခင့် ပညတ်တော်ကို ချိုးဖောက်တဲ့ အပြစ်ဒဏ် ဖြေဖို့အတွက် ဘုရားသခင်ရဲ့ အသွေးနဲ့မှရမယ်။ ဒါကြောင့်ပဲ ခရစ်တော် တစ်ယောက်ကသာ အပြစ်ကြွေးဆပ်ပေးနိုင်တာပေါ့" လို့ပြောကြလိမ့်မယ်။

ဒီလိုဆိုရင် ဘာသာမဲ့ဝါဒတွေက ဝမ်းနည်းစွာ သူတို့လက်ကို မြောက်ပြီးတော့ "မင်းတို့ဘုရားက အတာပဲ။ လူတွေကို အပြစ်ကလွှတ်ဖို့ သူ့သားတော်ရဲ့ အသေခံခြင်းကို မင်းတို့

ဘုရားကတောင်းဆိုတယ်…။ သူသဘောကိုပဲ တရားလုပ်တဲ့ ခေါင်းမာတဲ့ ဘုရားပဲ” လို့အော်ကြတော့မှာပေါ့။ ကျွန်တော် ဒီလိုအတွေးမျိုးရှိတဲ့ ဘာသာမဲ့ တစ်ယောက်နဲ့ ဆွေးနွေးခဲ့ဘူးတယ်။ သူ့အနေနဲ့ ဒီလို ဘုရားမျိုးကို လုံးဝလက်မခံနိုင်ဘူး။ ဒါပေမယ့် အခုတော့ သူက သွေးဆာနေတဲ့ ဘုရားသခင်ရဲ့ စိတ်ကျေနပ်ဖို့၊ အမျက်တော်ပြေဖို့လောက် ကိုးကွယ်တဲ့ မျက်နှာချိုသွေး ကိုးကွယ်မှုမဟုတ်ဘဲ၊ ထာဝရ ဧဝံဂေလိ သတင်းကောင်းကြောင့် ဘုရားသခင်နဲ့ တင့်တယ်တဲ့ ဆက်ဆံရေး ရှိနေပါပြီ။

ပရိတ်သတ်များ။ ။အာမင်။

ကျွန်တော်တို့ရဲ့ အပြစ်ကြွေးကိုဆပ်ဖို့အတွက် လိုအပ်တာက သားတော်ရဲ့ အသက် မဟုတ်ပါဘူး။ ဘုရားသခင်က ကျွန်တော်တို့ကို ရိုးရိုးလေး ခွင့်လွှတ်ပေးချင်ပါတယ်။ ကျွန်တော်တို့ရဲ့ အဖြစ်မှန်ကိုသိပြီး ဝန်ခံစေချင်ရုံလေးပါ။ “ကိုယ့်အပြစ်တို့ကို ဖော်ပြ တောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့် လည်း ကောင်း ပြည့်စုံတော်မူ၏။ သူလိုချင်တာ အားလုံးက ဒါပါပဲ။ ကျွန်တော်တို့ အနေနဲ့တော့ မိမိကိုယ်မိမိ နှိမ့်ချတတ်ဖို့၊ ကိုယ်အပြစ်ကို ကိုယ်သိဖို့၊ ဘုရားသခင်ရဲ့ ရှေ့တော်မှာ နှိမ့်ချစွာ သွားလာဖို့ ဖြစ်ပါတယ်။

ဘုရားသခင်က ကျွန်တော်တို့ကို ရိုးရိုးလေး ခွင့်လွှတ်ချင်တာပါ။ ဒါကို ကျွန်တော်တို့က သူကျွန်တော်တို့ကို ခွင့်လွှတ်ဖို့ ဒါတွေလိုအပ်မယ်လို့ ကိုယ်ဘာသာထင်မြင်တဲ့ အချက်တွေ၊ ကန့်သတ်ချက်တွေကို ထားတတ်ကြပါတယ်။ ဒါအရူးကွက်နင်းတာ မဟုတ်ဘူးလား။ ကျွန်တော်တို့ ဘာလို့အဲ့လို ပြုမူကြလဲဆိုတော့ လူသားအချင်းချင်း အဲ့သလိုဆက်ဆံကြလို့ဖြစ်ပါတယ်။ ဒီလိုနဲ့ ဘုရားသခင်နဲ့ ဆက်ဆံတဲ့အခါမှာလည်း လူသားအချင်းချင်း ဆက်ဆံသလိုဆက်ဆံမှ ကျိုးကြောင်းဆီလျော်မယ်လို့ ထင်ကြလို့ပေါ့။ တကယ်တော့ ဒီလိုမဟုတ်ပါဘူး။

ကျွန်တော် နောက်ဆုံးအပိုင်းကို မသွားခင် အဓိကအချက်တွေကို ပြန်ချုပ်ကြည့်ရအောင်...

၁။ အပြစ်တရားက ဒေင်ဥယျာဉ်ကနေ ကျွန်တော်တို့နှင့် ဘုရားသခင်ကို ခွဲခွာစေခဲ့တယ်။ ကျွန်တော်တို့ရဲ့ မသိနားမလည်မှုက ကျွန်တော်တို့ကို ဘုရားသခင် ဆီက ထွက်ပြေးပုန်းရှောင်စေခဲ့တယ်။ ဘုရားသခင် အရမ်းဝမ်းနည်း ပူဆွေးခဲ့ရတယ်။ ဒါကြောင့် ပြန်လည်သင့်မြတ်ဖို့ အစီစဉ်တစ်ခု လိုအပ်လာခဲ့တယ်။ ထာဝရ ဧဝံဂေလိသတင်းကောင်းက ဒေင်ဥယျာဉ်ကနေ အစပြုခဲ့တယ်။

၂။ အဲဒီကနေအစပြုပြီး ဘုရားသခင်နဲ့ လူသားရဲ့ ဆက်သွယ်ရေးဟာ သားတော်အားဖြင့် ဖြစ်လာတယ်။ အာဒံ၊ ဧဝ မှအစ ရှေးဘိုးဘေးများနှင့် ပရောဖက်များ အချိန်ထိ သူတို့ ဘုရားသခင်ကို ခွင့်ပြုတဲ့ အတိုင်းတာအတိုင်း ဘုရားသခင် သူတို့နှင့် ဆက်သွယ်ခဲ့တယ်။ ကယ်တင်ခြင်း စီမံကိန်းကို ဘုရားသခင် ချမှတ်ခဲ့ပေမယ့်၊ ရှင်းရှင်းလင်းလင်း နားမလည်နိုင်ခဲ့ကြဘူး။

၃။ သူ့ သားသမီးတွေနဲ့ အနီးကပ်ရှိနေနိုင်ဖို့ မောရှေဆီမှာ ဘုရားသခင် တဲတော်ဗိမာန် ဆောက်လုပ်စေခဲ့တယ်။ သူ့ရဲ့အတူရှိခြင်းကို အတူရှိခြင်းပြတဲ့ မီးခိုး (ရှီကိုင်းန)နဲ့ ဖော်ပြခဲ့တယ်။ ဝမ်းနည်းစရာဘဲ ကျွန်တော်တို့ သိပြီးတဲ့အတိုင်း ဒါက ကန့်သတ်ချက်တွေရှိနေတယ်။ လူတွေကလည်း ကျွန်တော်တို့ အပြုမူမျိုးနဲ့ ပိုတူတဲ့ အခြားနတ်ဘုရားတွေကို ကိုးကွယ်ဖို့ ရှာဖွေနေကြတုန်း ဖြစ်နေခဲ့တယ်။

၄။ ဒါကြောင့် ဘုရားသခင်က သူ့ရဲ့သားတော်ကို လောကနဲ့ သူ့အကြား ပြန်လည်သင့်မြတ်ခြင်း ရယူဖို့ စေလွှတ်ခဲ့တယ်။ သားတော်ဘုရားက နူးညံ့သိမ်မွေ့စွာ ပြုမူခဲ့ပြီး၊ လူတွေကို ကုသပျောက်ကင်းစေခဲ့တယ်၊ မုန့်နှင့်ငါးကို ဖဲ့ပြီး လူများစွာကို ကျွေးမွေးခဲ့တယ်။ နူနာစွဲသူတွေကို ပျောက်ကင်းစေပြီး၊ နောက်ဆုံးညမှာလည်း တပည့်တော်တွေရဲ့ ခြေကို ဆေးပေးခဲ့တယ်။ မုန့်ကိုဖဲ့ပြီး စပျစ်ရည်ကိုငှဲ့ပေးခဲ့တယ်။

အရာ အားလုံးကိုလည်း နူးညံ့သိမ်မွေ့စွာ၊ သိက္ခာ၊ သမာဓိရှိရှိ ပြခဲ့တယ်။ ဒါတွေအားလုံးက ခမည်းတော်ဘုရားရဲ့ စာရိတ္တတော်တွေပဲ။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက အများစုက သူ့ကို လက်မခံခဲ့ကြဘူး။ "သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲ နေကြ၏။" လို့ ယောဟန်က ပြောခဲ့တယ်။ (ရှင်ယောဟန် ၁:၁၁) ခရစ်တော်ကို ငြင်းပယ်ခြင်းအားဖြင့် ခမည်းတော်ဘုရားကို သူတို့ ငြင်းပယ်ခဲ့ကြပြန်တယ်။

ခမည်းတော်ဘုရားရဲ့ မေတ္တာတော်ကို သိမြင်ခြင်းနဲ့ စစ်မှန်သော ကယ်တင်ခြင်း လမ်းစဉ်က လူသားနှင့် ခမည်းတော်ဘုရားအကြားက ဆက်ဆံရေးကို ပြန်လည်သင့်မြတ် စေဖို့ လိုအပ်ချက်အဖြစ် ယေရှုက ပြတ်ပြတ်သားသား ဖော်ပြခဲ့ပါတယ်။ ဘုရားသခင် က လူသားတွေကို ချစ်တယ်ဆိုတဲ့ သူ့ရဲ့ နှုတ်ကပတ်တော်၊ ကတိတော်တွေကို လက်ခံတဲ့ လူတွေဆီ ခရစ်တော်နှင့် ဘုရားသခင်ကြားက ပြန်လည်သင့်မြတ်ခြင်းကို ပြန် ဖြစ်စေပါလိမ့်မယ်။

ယောဟန် ၁၄:၁၂ မှာ ယေရှုက "ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် ငါ့စကား ကို(ခမည်းတော် ပြောခိုင်းတဲ့စကားတွေ) နားထောင်လိမ့်မည်။ ငါ့ ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ ကြွ၍ နေရာချမည်။" ဘယ် လောက် ကောင်းမြတ်တဲ့ ကတိစကားလဲ။ ဘုရားသခင်နဲ့ပြန်လည် သင့်မြတ်ခြင်း ဖြစ်လာပြီပေါ့။

ယောဟန်က အဲ့ဒီအတွေးကို သူ့ရဲ့ စာစောင် ၁ယော ၁:၃-၄မှာ( အခန်းငယ် ၁၂ မှာ တော့ အသက်ရှင်သော နှုတ်ကပတ်တော်ကို ကျွန်တော်တို့ လက်နဲ့စမ်းသပ်ပြီးတဲ့ အကြောင်း စေ့စေ့ကြည့်ရှုပြီးတဲ့အကြောင်း ရေးထားပါတယ်) "ငါတို့သည် ခမည်း တော်နှင့်လည်းကောင်း၊ သားတော် ယေရှုခရစ်နှင့် လည်းကောင်း၊ မိတ်သဟာယ ဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည် ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှာ၊( ဘယ်လို မိတ်

သဟာယဖွဲ့တာလဲ။ အတူတကွ စုရုံးတယ်၊ တစ်လုံးတစ်ဝတည်းဖြစ်လာတယ်။ အတူရှိခြင်းလို့လည်း ပြောလို့ရတယ်။ လူတွေအတူတကွ စုပေါင်းခြင်းပေါ့) ငါတို့ကြားမြင်ရသော အရာကို သင်တို့အား ပြသကြ၏။

ကျွန်တော်တို့အတွက်ရော ဒီလိုပဲဖြစ်မလား။ ကျွန်တော်တို့ရဲ့ ခမည်းတော်၊ သားတော်နှင့် စစ်မှန်တဲ့ မိတ်သဟာယဖွဲ့ခြင်းထဲကို အခြားလူတွေကို ဖိတ်ခေါ်နိုင်ပါသလား။ ဒီမိတ်သဟာယဖွဲ့ခြင်းထက် ကျွန်တော်တို့ ဘာများ ပိုပြီးလိုအပ်မလဲ။

ခရစ်တော် ကတိပေးခဲ့တဲ့ အရာတွေဟာ ရှင်ယောဟန်က သူ့ရဲ့ ယုံကြည်သူ မိတ်ဆွေတွေနဲ့ ကြုံတွေ့ခဲ့ကြတဲ့အရာတွေပဲလို့ အတည်ပြုခဲ့တယ်။ ဟုတ်ပါတယ်။ ဒါက ကျွန်တော်တို့လည်း ကြုံတွေ့ရတဲ့အရာဖြစ်ပါတယ်။ ဒီလို မိတ်သဟာယဖွဲ့ခြင်းမျိုး၊ ဒီလိုဆက်ဆံရေးမျိုး၊ ဒီလို ပြန်လည်သင့်မြတ်ခြင်းမျိုးကို ရရှိတဲ့အတွက် ကျွန်တော်ဝမ်းသာပါတယ်။ ကျွန်တော်အရင်က ပြောဖူးပါတယ်။ သားတော်နှင့် ခမည်းတော်မဆောင်ရွက်ပေးတဲ့ ကဏ္ဍတစ်ခုကို အခြားလူယောက်အပေါ် မှီခိုပြီးဆောင်ရွက်ဖို့လည်း မဟုတ်ပါဘူး။ သူတို့(ဘုရားသခင်)က ကျွန်တာ်တို့နှင့် ခွဲခွာနေရတုန်းပါပဲ။ ပြန်လည်သင့်မြတ်ဖို့ **သူတို့**ရှိလျက်နဲ့ တစ်ယောက်က **သူတို့**ကိုယ်စား(ဘုရားသခင်) ပြုလုပ်ပေးရတယ်ဆိုရင် အဲဒီ ပြန်လည်သင့်မြတ်ခြင်းဆိုတာ ဘာမှအဓိပ္ပာယ်ရှိတော့ မှာမဟုတ်ပါဘူး။

ရှင်ယောဟန် မှတ်တမ်းတင်ထားတဲ့ ခမည်းတော်၊ သားတော်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ကျွန်တော် အတော်သဘောကျတယ်။

“သင်တို့၏ **ဝမ်းမြောက်စရာအကြောင်း တစ်ဝက်ပြည့်စုံစေခြင်းငှာ၊** ဤအရာများကို ငါတို့သည် ရေးလိုက်ကြ၏” လို့ရေးထားတာ ဟုတ်လား။ မဟုတ်ဘူးနော။ **စုံလင်စေခြင်းငှာ** လို့ရေး ထားတယ်။ (၁ယောဟန် ၁:၄) ကျမ်းစာအရ ခမည်းတော်၊ သားတော်နှင့် ကျွန်တော် တို့ ဝမ်းမြောက်ခြင်း စုံလင်စွာ ရနိုင်ပါတယ်။

"ထိုသူကို လက်ခံသမျှသောသူ တည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့ အား ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို့ မေးတော်မူ၏" (ယောဟန် ၁:၁၂)

သားသမီးဖြစ်ခွင့်ရတဲ့ တံဆိပ်ဟာ သားတော်ရဲ့ ဝိညာဉ်တော် ကိန်းအောင်းခြင်း ဖြစ်ပါတယ်။ "သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော သား တော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏" (ဂလာတိ ၄:၆)

ဘုရားသခင် ကျွန်တော်တို့ကို ချစ်တယ်ဆိုတာ၊ သူ့ရဲ့ တစ်ပါးတည်းသော သားတော် ကို ကျွန်တော်တို့ရဲ့နှလုံးသားထဲကို စေလွှတ်ခဲ့တယ်ဆိုတာ ယုံကြည်တဲ့အခါ ...အဗ္ဗအဘလို့ ခမည်းတော်ကို ခေါ်တဲ့အခါ ခမည်းတော်၊ သားတော်နဲ့ စစ်မှန်တဲ့ မိတ်သဟာယရှိနေပြီလို့ ကျွန်တော်တို့ ယုံကြည်တဲ့အခါ၊ ယေရှုကတိပေးပြီး ရှင်ယောဟန်က သူ့ရဲ့ ကိုယ်တိုင်အတွေ့ကြုံအားဖြင့် အတည်ပြုခဲ့သလို လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀၀၀ခန့်က ဧဒင်ဥယျာဉ်မှာ ဘုရားသခင်အစပြုခဲ့တဲ့ ပြန်လည်သင့်မြတ်ခြင်း လုပ်ငန်းဟာ ကျွန်တော်တို့အထဲမှာ ပြီးပြည့်စုံခဲ့ပြီဆိုတာ သေချာသိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပြည့်စုံဖို့ ဘုရားသခင် တောင့်တနေခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ယနေ့ ရယူလို့ရနေပါပြီ။

ဒီနေ့ မင်းတို့ကြားနေရတဲ့ သတင်းစကားဟာပြည့်စုံနေပါပြီ။ ဘုရားသခင်က သားတော် ယေရှုခရစ်အားဖြင့် ကျွန်တော်နဲ့၊ သင်တို့နဲ့၊ ဒီမှာရှိတဲ့ လူတွေအားလုံးနဲ့ လှပတဲ့ဆက် ဆံရေးတစ်ခု ရှိဖို့ သူခွင့်ပြုနေပါတယ်။ သူ့ကတိတော်တွေကို တောင်းလျှောက်တဲ့သူတွေ၊ စွဲကိုင်တဲ့သူတွေ၊ ယုံကြည်တဲ့သူတွေ အားလုံး၊ ဆန္ဒရှိတဲ့ သူတွေအားလုံးနဲ့ လှပတဲ့ ဆက်ဆံရေးတည်ဆောက်ဖို့ ဘုရားသခင် ဖိတ်ခေါ်နေပါတယ်။ ဒီလှပတဲ့ ဆက်ဆံရေးမှာ သားတော်နဲ့အတူ ဘုရားသခင်ရဲ့ အတူရှိခြင်းလို့ ကျွန်တော်တို့ခေါ် ကြတဲ့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့ရဲ့ နှလုံးသားထဲမှာ ဘုရား သခင် နေထိုင်ချင်ပါတယ်။

ဘုရားသခင်က တဲတော်ဗိမာန်ထဲရှိတုန်းကတော့ များများသွားလို့မရခဲ့ဘူး။ ယေရှု အထဲမှာရှိတော့ ယေရုရှလင်မြို့၊ ဘေးပတ်ဝန်းကျင်ကမြို့တွေ၊ ဟေလသလူတွေရဲ့ မြို့တွေအထိ သွားလာလို့ရခဲ့တယ်။ ဒါပေမယ့် ကတိတော်က အခုချိန်မှာတော့ သြစတေးလျ၊ နယူးဇီလျန်၊ အာရှ၊ အမေရိက၊ အာဖရိက၊ ယုံကြည်တဲ့သူတွေရှိနေတဲ့ နေရာတိုင်း၊ ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့ချင်တဲ့သူအားလုံးအတွက် ကတိတော်ပေး နေပါတယ်။ ပြန်လည်သင့်မြတ်ခြင်း အစီစဉ်အားဖြင့် ခမည်းတော်ဘုရားဟာ ကျွန်တော်တို့နှင့် ကိုယ်တိုင်အတူရှိနေနိုင်ခဲ့ပါတယ်။ အခုဘုရားသခင်က ဘယ်အတိုင်းအတာထိ ပျံ့နှံ့အတူရှိနေပြီလဲ။ အခု ဘုရားသခင်ရဲ့ သားသမီးတွေ ဘယ်နှစ်ယောက်က ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့လို့ရနိုင်ချေ ဘယ်လောက်ရှိပြီလဲ။

ပရိတ်သတ်များ။ ။အားလုံးရနိုင်ပါတယ်။

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အားလုံးက ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့လို့ ရပါပြီ။ ဘုရားသခင်က ပြန်လည်သင့်မြတ်ခြင်း အစီစဉ်ကို ပျံ့နှံ့စေခြင်းအားဖြင့် အလို တော်ပြည့်စုံခဲ့ပါပြီ။ တဲတော်ဗိမာန်ထဲမှာတော့ ဘုရားသခင်က သူတို့အကြားမှာ ရှိနေ ခဲ့ပါတယ်။ ခရစ်တော်အားဖြင့် သူတို့နှင့်အတူရှိနေခဲ့ပါတယ်။ အခုတော့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့အထဲမှာ ရှိနေနိုင်ပါပြီ။ ပြန်လည်သင့်မြတ်ခြင်းက တကယ်ကို ပြည့်စုံခဲ့ပါပြီ။ ကျွန်တော်တို့ ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့လို့ရပါပြီ။ ဟာလေလုယ။

# ဘုရားသခင်နဲ့ ကျွန်တော်တို့ကို ဝေးကွာစေတဲ့ မသန့်ရှင်းသောအရာများ

၂ကော ၆:၁၆-၁၈

“ဘုရားသခင်၏ ဗိမာန်တော်သည် ရုပ်တုတို့နှင့် အဘယ်သို့ စပ်ဆိုင်ရမည်နည်း။ ဘုရားသခင် မိန့်တော်မူသည်ကား၊ သူတို့တွင် ငါကျိန်းဝပ်မည်။ သူတို့တွင် လှည့်လည်၍ သူတို့၏ ဘုရားသခင် ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူ ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ ဗိမာန်တော်ဖြစ်ကြ၏။ ထို့ကြောင့်၊ ထာဝရဘုရား မိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြား နေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှ မတို့မထိကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည် လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီး ဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့် ပြည့်စုံသောထာဝရဘုရား မိန့်တော်မူ၏။”

ကျွန်တော်တို့ကို ဘုရားသခင်နှင့် ဝေးကွာစေတဲ့ မသန့်ရှင်းသောအရာဆိုတာ ဘာဖြစ်မလဲ။ သစ်သားနဲ့ ဂရုတစိုက်ထွင်းထုထားတဲ့အရာ၊ ဒါမှမဟုတ် ရွှံ့မြေနဲ့ ပုံဝတ္ထု တစ်ခုခုနဲ့တူအောင် ပုံသွင်းထားတဲ့အရာတွေ ဖြစ်မလား။ ဒီအရာတွေက ကျွန်တော်တိုကို ဘုရားသခင်နဲ့ ဝေးကွားစေတဲ့ မသန့်ရှင်းတဲ့အရာတွေလား။ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်အတွက် မကောင်းတဲ့ အစားစာဖြစ်မလား။ ဒီလိုအစားအစာတွေက ဘုရားသခင် နဲ့ ဝေးကွာစေတဲ့ မသန့်ရှင်းတဲ့အရာဖြစ်မလား။ ကျွန်တော်တို့ရဲ့ စိတ်နှင့် ဆုံးဖြတ်ချက်ချခြင်းကို မကောင်းတဲ့ သက်ရောက်မှုတွေဖြစ်စေတဲ့၊ အရက်သေစာဖြစ်မလား။ မကောင်းတဲ့လူတွေ မကောင်းတဲ့လုပ်ရပ်တွေ လုပ်ဖို့သွားတဲ့ နေရာတွေကို သွားခြင်း ဖြစ်မလား။ ဒီအရာအားလုံးက ကျွန်တော်တို့ကို ဘုရားသခင်နဲ့ ဝေးကွာစေတဲ့

မသန့်ရှင်းတဲ့အရာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဘုရားသခင်နဲ့ ကျွန်တော် တို့ကို ဝေးကွာစေတဲ့ တကယ့် မသန့်ရှင်းသောအရာက ဘာဖြစ်မလဲ။

ပရိတ်သတ်များ။ ။ဘာဘီလုန်လူတွေရဲ့အဝတ်စား။

ဘာဘီလုန်လူတွေရဲ့အဝတ်စား…။

ပရိတ်သတ်များ။ ။မှားယွင်းတဲ့ ဖြစ်တည်မှု၊ ရပ်တည်မှု။

ဘုရားသခင်နဲ့ ကျွန်တော်တို့ကို ဝေးကွာစေတဲ့ မသန့်ရှင်းသောအရာ အစစ်မှန်က ကျွန်တော်တို့ရဲ့ ကောင်းကင်အဖ ခမည်းတော်ဘုရားကို မှားယွင်းစွာ သိနားလည်မှု ဖြစ်နိုင်ပါတယ်။ ဘုရားသခင်က အမျက်ထွက်လွယ်တဲ့ဘုရား၊ ကလဲ့စားချေလိုတဲ့ ဘုရား၊ မုန်းတီးတတ်တဲ့ ဘုရားလို့ မှားယွင်းစွာ ထင်မြင်ခြင်း ဖြစ်နိုင်ပါတယ်။ ဒီအရာက ဘုရားသခင်ကို ကျွန်တော်တို့နဲ့ ဝေးကွာစေတဲ့ မသန့်ရှင်းသော အတွေးလည်းဖြစ်နိုင်မလား။ ဘုရားသခင်ကို မသန့်ရှင်းစွာ နားလည်တဲ့အတွက် ဘုရားသခင်အပေါ် မသန့်ရှင်းတဲ့ အပြုမူ၊ အတွေးခေါ်တွေ ကျွန်တော်တို့မှာ ရှိလာတတ်ပါတယ်။ ဆက်သွယ်မှု မရှိတဲ့ အခါ နားထောင်မှုလည်း မရှိတော့ပါဘူး။ ဒီလိုဘုရားသခင်ရဲ့ ပုံရိပ်ကို မှားယွင်းစွာ ထင်မြင်တဲ့အတွက် ကျွန်တော်တို့ နှလုံးသားထဲမှာ မသန့်ရှင်းတဲ့ အနှောင့်အယှက်တွေ ဖြစ်လာပါတယ်။

သားတော်ယေရှုခရစ်တော်အားဖြင့် ဖော်ပြခဲ့တဲ့ မေတ္တာတော်အားဖြင့် အဲဒီအနှောင့်ယှက်ကို ဖယ်ရှားခွင့် ပြုလိုက်ပါ။ ဘုရားသခင်ဆီကနေ ထွက်ပြေးနေတာတွေ ရပ်တန့်ပြီးတော့ သူ သင့်ကို ရယူပါစေ။

ဘုရားသခင်ကို သင့်ရဲ့ နှလုံးသားထဲမှာ သူ့ရဲ့ဆန္ဒအတိုင်း နေခွင့်ပြုမယ်ဆိုရင် ဘုရားသခင်က သင့်ရဲ့ဖခင် ပြန်လည်ဖြစ်လာပါမယ်။ ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့ သားသမီးတွေဖြစ်လာမှာ ဖြစ်ပါတယ်။

ဘုရားသခင်ကို ကျွန်တော်တို့ ချဉ်းကပ်ရင် ဘုရားသခင်က အလိုအလျောက် ဘာလုပ်မှာလဲ။

ပရိတ်သတ်များ။ ။ကျွန်တော်တို့ဆီ ချဉ်းကပ်လာမယ်။

ဟုတ်တာပေါ့။ သူ ကျွန်တော်တို့ဆီ ချဉ်းကပ်လာမယ်။ (ယာကုပ် ၄:၈) ဒါဘုရားသခင် အမြဲလိုချင်နေတဲ့အရာပဲဖြစ်တယ်။ ဒါပေမယ့် သူက ကျွန်တော်တို့ရဲ့ တုန့်ပြန်မှုကို စောင့်ပါတယ်။ ကျွန်တော်တို့ သူ့ကိုခွင့်ပြုဖို့က သူစီစဉ်နေခဲ့တဲ့အရာ၊ သူဆန္ဒရှိနေတဲ့ အရာပဲ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ နိုင်ငံတော်အကြောင်း သတင်းကောင်းကို ကျွန်တော်တို့ သက်သေအဖြစ်နဲ့ တစ်ကမ္ဘာလုံးကို ဟောပြောပြီးတဲ့အခါ အဆုံးဟာဖြစ်လာမှာ ဖြစ်ပါတယ်။ မျက်စိနှင့်မြင်လို့မရတဲ့ ဘုရားသခင်နဲ့ ကျွန်တော်တို့ရဲ့ လျှောက်လမ်းမှုဟာ အဲဒီအချိန်မှာ၊ ယေရှုဘုရား ပြန်လည်ကြွလာပြီး ကျွန်တော်တို့ကို ခမည်းတော်ဘုရားရဲ့ အိမ်တော်မှာ ယူဆောင်တဲ့အခါ မြင်နိုင်တဲ့ ဘုရားသခင်နဲ့အတူ လျှောက်လမ်းခြင်းဖြစ်လာပါလိမ့် မယ်။

ဘုရားသခင်ရဲ့ အိမ်တော်မှာ ကောင်းကင်စံအိမ်တော်ကြီးက ကျွန်တော်တို့ကို စောင့်ကြိုနေပါတယ်။ စောင့်ကြိုနေတာလည်း အတော်ကြာနေပြီ ဖြစ်ပါတယ်။

ဘုရားသခင်နေတဲ့ နေရာမှာ ဘုရားသခင်နဲ့အတူနေဖို့ ဆန္ဒရှိကြလား။

သူရှိတဲ့ နေရာမှာ နေချင်ကြလား။

ပရိတ်သတ်များ။ ။နေချင်ပါတယ်။

ဒါဆိုရင် သူ့ကိုလည်း သူနေချင်တဲ့နေရာမှာ နေခွင့်ပြုလိုက်ပါ။

ပရိတ်သတ်များ။ ။အာမင်။

သူ့ကိုလည်း သူနေချင်တဲ့နေရာမှာ အခုချက်ချင်း နေခွင့်ပြုလိုက်ပါ။ ဒါဟာ သင်နဲ့ဘုရားသခင် နီးကပ်စွာအတူရှိနေခြင်း ပြန်လည်သင့်မြတ်ခြင်းဖြစ်ပါတယ်။ ဘုရားသခင် တကယ်နေချင်တဲ့နေရာက သင့်ရဲ့နှလုံးသားထဲမှာ ဖြစ်ပါတယ်။ သိပ် မကြာတော့တဲ့အချိန်မှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ကောင်းကင်အိမ်တော်မှာ ရောက်ရှိပြီး ဘုရားသခင်နဲ့ ဘယ်တော့မှ ခွဲခွာရတော့မှာ မဟုတ်ပါဘူး။

ဒီသတင်းကောင်းကို တစ်ကမ္ဘာလုံးမှာ သယ်ဆောင်ကြရအောင်။ ကောင်းကင်က ခမည်းတော်ဟာ သူတို့အတွက် မကောင်းတဲ့ ရည်ရွယ်ချက်တွေ မရှိကြောင်း လူတွေ ကို သိစေကြရအောင်။ ဘုရားသခင်ဟာ သူတို့နဲ့ ပြန်လည်သင့်မြတ်လိုကြောင်း၊ သူတို့ ရဲ့ နှလုံးသားထဲမှာ နေရာယူလိုကြောင်း၊ မျှော်လင့်တဲ့အတိုင်း လှပတဲ့ အဆုံးသတ်ကို ဘုရားသခင် သူတို့ကို ပေးချင်တဲ့အကြောင်း ပြောပြကြရအောင်။ လောကကြီး အခု ချိန်မှာ သတင်းကောင်းလိုအပ်နေတယ်။ မဟုတ်ဘူးလား။

ပရိတ်သတ်များ။ ။ဟုတ်ပါတယ်။

အဲဒီသတင်းကောင်း ပြောတဲ့သူတွေ ကျွန်တော်တို့ပဲ ဖြစ်ပါစေ။ ကျွန်တော်တို့ ကြုံ တွေ့ခဲ့တဲ့အရာတွေ၊ မြင်ခဲ့ပြီးတဲ့အရာတွေ၊ ကြားခဲ့ပြီးတဲ့ အရာတွေ၊ ခံစားခဲ့ပြီးတဲ့ အရာတွေ၊ ကိုင်တွယ်ခဲ့ပြီးတဲ့အရာတွေကို ယူဆောင်ပြီးတော့ ပြန်လည် မျှဝေကြရ အောင်။

ဘုရားသခင်နဲ့ သားတော်ဘုရားနဲ့ တစ်ကမ္ဘာလုံးက လူတွေနှင့်အတူ ကျွန်တော်တို့ ကြုံတွေ့ခံစားခဲ့ပြီးတဲ့အရာ၊ ဆက်လက်ပြီး ကြုံတွေ့ကြရအုံးမယ့်အရာတွေကို ပြန် လည်မျှဝေကြရင် ကျွန်တော်တို့ကို ဘုရားသခင် ကောင်းချီးပေးမှာ ဖြစ်ပါတယ်။ ဣသရေလလူတွေရဲ့ ဘုရားသခင်ဟာ ကျွန်တော်တို့ကို သူနှင့်အတူ အိမ်ပြန်ခေါ်ဆောင် ဖို့ သားတော်ကို စေလွှတ်ခဲ့တဲ့အကြောင်းကို လူတွေ သိစေရအောင်။ အာမင်။

ပရိတ်သတ်များ။ ။အာမင်။

ဆုတောင်းရအောင်။ ကရုဏာတော်နှင့် ပြည့်စုံတော်မူသောအဖ။ ကျွန်တော်တို့ အ တွက် အတားဆီးကို ကိုယ်တော်ပြခဲ့တာမဟုတ်ဘဲ၊ ကျွန်တော်တို့က ကိုယ်တော်ကို အတားဆီးပြုခဲ့တယ်ဆိုတာ ကျမ်းစာမှာ ရှင်းလင်းစွာဖော်ပြတဲ့အတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ကို ကိုယ်တော် ခွင့်လွှတ်ပေးတော်မူပါ။ ကိုယ်တော်ကို မှားယွင်းစွာ တွေးမြင်မိတဲ့အတွက်၊ ကိုယ်တော်ကို နားမလည်ခဲ့တဲ့ အတွက် ကျွန်တော်တို့ကို ကိုယ်တော် ခွင့်လွှတ်မူပါ။ ပျောက်သောသူများကို ရှာဖို့၊ ကယ်ဖို့ ယေရှုကို ဒီလောကကြီးထဲ ကိုယ်တော်စေလွှတ်ခဲ့ပါတယ်။ သူ့ရဲ့အထဲမှာ ကိုယ်တော်ရှိနေခြင်းအားဖြင့် ဤလောကကြီးကို ကိုယ်တော်နှင့် ပြန်လည်သင့်မြတ် စေခဲ့ပါတယ်။ ကိုယ်တော်ရဲ့ ပြန်လည်သင့်မြတ်ခြင်း နှုတ်ကပတ်တော်ကို ကိုယ်တော် ကျွန်တော်တို့ကို ပေးခဲ့ပြီးပါပြီ။ ကိုယ်တော့် စိတ်ဝိညာဉ်၊ ကိုယ်တော်ပြုတဲ့ ကောင်းမှု တွေကိုပြုစေဖို့ ကျွန်တော်တို့အထဲမှာ ကိုယ်တော် မိမိကိုယ်မိမိ ကျွန်တော်တို့အတွက် ပေးအပ်ခဲ့ပါတယ်။

အဖဘုရား။ ကျွန်တော်တို့သည်တောစခန်းမှ ဒီနေ့ ညနေဖြစ်ဖြစ်၊ မနက်ဖြန်ဖြစ်ဖြစ် ထွက်သွားတဲ့အခါ၊ ခွဲခွာရတဲ့အခါ ကျွန်တော်တို့ ဝမ်းနည်းမိမှာဖြစ်ပါတယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ချစ်ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် ပေါင်းဖော်ရတာ၊ မိတ်သဟာယဖွဲ့ခွင့်ရတာကို ကျွန်တော်တို့ ပျော်ရွှင် ကြပြီဖြစ်လို့ပါ။ ဒါပေမယ့် ကျွန်တော်တို့ သွားရတော့မယ်။ နေရာအမျိုးမျိုးမှာ လုပ် ဆောင်စရာတွေရှိနေတဲ့အတွက် ဒီမှာရှိတဲ့ အယောက်ဆီတိုင်း၊ အွန်လိုင်းပေါ်ကနေ ကြည့်ရှုနေတဲ့ မိသားစု၊ အယောက်စီတိုင်းရဲ့ ရှေ့မှာ ကိုယ်တော်ရဲ့ ကောင်းချီး မင်္ဂလာချပေးတော်မူပါ။ အဖဘုရား၊ ဘာတွေပဲ ဖြစ်နေဖြစ်နေ ဘုရားသခင် သူတို့ကိုချစ်တယ် ဆိုတဲ့ လုံခြုံစိတ်ချမှုနဲ့ ကိုယ်တော် သူတို့ကို ကောင်းချီးပေးပါ။ ကျွန်တော်တို့ မိမိကိုယ် မိမိ စီရင်ခြင်းတွေ၊ အပြစ်တင်းခြင်းတွေ ရပ်တန့်နိုင်ဖို့

ကောင်းချီးပေးပါ။ အကြောင်းမှာ ကိုယ်တော် တရားစီရင်ခြင်းသာလျှင် အတည်ဖြစ်ပါတယ်။ ကျွန်တော်တို့ထိုက် တန်သည့်အလျောက် ကိုယ်တော် စီရင်ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

အဖဘုရား။ ကိုယ်တော်အလိုရှိသောအရာသည် ကျွန်တော်တို့ အလိုရှိသောအရာ ဖြစ်ဖို့ဆုတောင်းပါ၏။ ကိုယ်တော်ရဲ့ ခွင့်လွှတ်ခြင်း၊ ခွင့်လွှတ်လိုတဲ့သဘောထားသည် ကျွန်တော်တို့အသက်တာမှာ ရောင်ပြန်ဟပ်လျက် ကျွန်တော်တို့သည် တောင်းပန် တတ်သူများ၊ အပြစ်ကို ကျော်ခိုင်းသောသူများ ဖြစ်စေပါ။ ဤနည်းအားဖြင့် ကိုယ် တော်ရဲ့ အလိုတော်သည် ပြည့်စုံလျှက်၊ ခရစ်တော်၏ အသက်တာနေထိုင်မှုပုံစံ၊ ခရစ်တော်၏ စိတ်သဘောသည် ကျွန်တော်တို့ စိတ်သဘော၊ အသက်တာနေထိုင်မှု ပုံစံ ဖြစ်လာမှာဖြစ်ပါတယ်။

အဖဘုရား။ ဒီအပတ်ဟောခဲ့တဲ့ လှပတဲ့ သတင်းစကားများအတွက် ကိုယ်တော်ကို တဖန်ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒီသတင်းစကားတွေကို ကျွန်တော်တို့ အသံသွင်းနိုင်ပြီး၊ အွန်လိုင်းပေါ် တင်နိုင်တဲ့အတွက်လည်း ကိုယ်တော်ကို ကျေးဇူးတင် ပါတယ်။ ကျွန်တော်တို့ရဲ့ အသံသည် တိတ်ဆိတ်သွားသော်လည်း ကိုယ်တော့် နှုတ် ကပတ်တော်သည် ရှင်သန်နေမှာ ဖြစ်ပါတယ်။

ဒီကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ ကိုယ်တော်ရဲ့ နှုတ်ကပတ်တော် သမ္မာကျမ်းစာကို ကောင်းချီးပေးပါ။ လူတွေဖတ်တဲ့နေရာတိုင်းမှာ ခရစ်တော်အားဖြင့် ကိုယ်တော်ပြတဲ့ အမှန်တရားကို သူတို့ နားလည်ပါစေ။ နိုင်ငံအသီးသီးမှာ ကိုယ်တော်ရဲ့ ဘုန်းတော်ထင်ရှားလျက် အမှုတော်သည် ပြည့်စုံ၍ အဆုံးသည် လာပါစေ။ ဤအတူတကွ စုရုံးခြင်းနှင့် ဒီဆုတောင်းချက်ကို နားညောင်းတဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ ယေရှု ၏နာမတော်မြတ်၌ ဆုတောင်းပါ၏။ အာမင်။

ဒီလို မီးပုံပွဲအနားမှာ ထိုင်ရတဲ့ ညနေခင်းတွေက ကြည်နူးဖို့ကောင်းပါတယ်။ ဒါ ပေမယ့် ကျွန်တော်တို့ မနှစ်သက်တဲ့ တစ်စုံတစ်ယောက် ဒီမှာရှိနေရင် ဘာဖြစ်မလဲ။ အဲဒီအချိန်တိုလေးက ဒီမှာရှိတဲ့ လူအားလုံးအတွက် အနေထိုင် ခက်ခဲစေနိုင်ပါတယ်။

ကောင်းကင်နိုင်ငံတော်က ဘုရားသခင်ရဲ့ မီးပုံပွဲမှာ ထာဝရနေဖို့ ဖိတ်ကြားခြင်းခံရ တယ်လို့ စိတ်ကူးကြည့်ပါ။ ဒါပေမယ့် မင်းက သူရဲ့ မကောင်းကြောင်း အများကြီး ကြားထားတယ်။ အရမ်းထိန်းချုပ်ချင်တဲ့သူ၊ အရမ်း စိတ်ဆိုးလွယ်တဲ့သူ၊ သင်မနှစ် သက်တဲ့ သူတစ်ယောက်နဲ့ မင်းဘာလို့ ထာဝရနေချင်မလဲ။ ဒီအကြောင်းတွေက ခရစ် ယာန်တွေ၊ ခရစ်ယာန်မဟုတ်တဲ့ သူတွေဆီက မင်းကြားရတဲ့ ဘုရားသခင်အကြောင်း မင်းရဲ့ထင်မြင်ချက်ပဲ ဆိုပါတော့။

ဒါပေမယ့် ကျွန်တော်တို့အားလုံး အလိမ်ခံလိုက်ရတာ ဆိုရင် ဘယ်လိုလုပ်မလဲ။ တ ကယ်လို့ သူက လူတွေပြောသလို ထိန်းချုပ်ချင်တဲ့သူ၊ အနိုင်ကျင့်တတ်တဲ့သူ မဟုတ် ဘူးဆိုရင်ရော။ တကယ်လို့ သူက တကယ်ပဲ သူ့သားသမီးတွေနဲ့ အတူနေချင်တဲ့သူ၊ သူ့သားသမီးတွေအတွက် အကောင်းဆုံးကို ဖြစ်စေချင်တဲ့ ဖခင်တစ်ယောက်ဆို ရင်ရော။ ကျွန်တော်တို့ရဲ့ မှားယွင်းစွာ နားလည်မှုတွေ ပြောင်းလဲပေးပြီး၊ အဖေနဲ့ အိမ် တော်မှာနေချင်တဲ့ စိတ်တွေ ထည့်ပေးရင်ရော။ သူ့အပေါ်ကျွန်တော်တို့ရဲ့ စိတ်သဘောထားကို ပြောင်းဖို့ မျှော်လင့်ချက်နဲ့ ကောင်းကင်ခမည်းတော်ဟာ ကျွန်တော်တို့ တွက် အရာရာကို ပြင်ဆင်ပေးနေတယ်ဆိုတာ သတိပြုပါ။ ကျွန်တော်တို့အပေါ် ထား ရှိတဲ့ သူ့ရဲ့စိတ်သဘောဟာ ပြောင်းလဲခြင်းမရှိပါဘူး။